မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၄၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

❀ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

❀ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေး ဒေသခံပြည်သူများနှင့်လက်တွဲ၍ တက်ညီလက်ညီကြိုးပမ်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ အားသွန်ခွန်စိုက်ဆောင်ရွက်

နေပြည်တော် ဇွန် ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မေ ၃၁ ရက် နံနက်၇နာရီခွဲတွင် မြစ်ကြီးနားတပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်ဟိန်း၊ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်မိသားစုဝင်များ တက်ရောက်ကြသည်။

တိုးချဲ့ဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အောင်မြင်ရေးအတွက် တပ်မတော်သားများသည် ကျရာအခန်းကဏ္ဍမှ ဒေသခံပြည်သူများနှင့်လက်တွဲကာ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ တပ်တွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ထိထိရောက်ရောက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရေး အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်း အမှာစကားပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေလွတ်မြေရိုင်းများဖော်ထုတ်၍ နွေစပါး၊ မိုးစပါးအပါအဝင် ရော်ဘာ၊ ဆီအုန်း၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုး

နေပြည်တော် ဇွန် ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၂ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာခဲ့ကြပြီး နံနက် ၈နာရီ ၄၅မိနစ်တွင် မြိတ်မြို့သို့ ရောက်ရှိရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် တပ်မတော်အရာရှိများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက မြိတ်လေဆိပ်မှ ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက တိုင်းအတွင်း စိုက်ပျိုးမြေတိုးတက်ရရှိရေးအတွက် မြေယာဖော်ထုတ်ပြီးစီးမှုအခြေအနေ၊ နွေစပါး၊ မိုးစပါးအပါအဝင် ဒေသဝမ်းစာဖူလုံရေးအတွက် နှစ်အလိုက် တိုးချဲ့စိုက်ပျိုးမည့်အခြေအနေ၊ တိုင်းအတွင်း ရော်ဘာ၊ ဆီအုန်း၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှု

စာမျက်နှာ ၃ ကော်လံ ၅ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်တက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၄ ရက်)

ယဉ်ကျေးသိမ်မွေ့မှုအစဉ်အလာကောင်း ဆက်လက်ထိန်းသိမ်း

"ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" ဟူသော ဆိုရိုးစကားရှိသည်။

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အသက်အရွယ်အားဖြင့်၊ ဝါအားဖြင့်၊ ဂုဏ်အားဖြင့်၊ ပညာအားဖြင့် ကြီးမြင့်သူတို့အပေါ် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံလေ့ရှိကြသည်။ ရွယ်တူ၊ တန်းတူ၊ ဂုဏ်တူ၊ ပညာတူသူတို့ကို တလေးတစား ဆက်ဆံလေ့ရှိကြသည်။ ကိုယ့်ထက်ငယ်ရွယ်သူ၊ နိမ့်ကျသူများကို ဖေးမကူညီ ကြင်နာသနားလေ့ရှိကြသည်။ ၎င်းတို့မှာ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများဖြစ်သည်။

မျက်မှောက်ကာလတွင် လူငယ်လူရွယ်အချို့သည် မြန်မာ့လူမှု အသိုက်အဝန်းက လက်ခံထားသော "ဂါရဝေါ စ၊ နိဝါတောစ" ဂါရဝတရား၊ နိဝါတတရားတို့ကို လိုက်နာကျင့်ကြံ ပြောဆိုမှု နည်းပါးလာသည်ကို တွေ့မြင်နေရသည်။

မျက်မှောက်ခေတ်သည် တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲတိုးတက်နေသော ကမ္ဘာ့ရွာခေတ်ခေါ် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ဟုဆိုသော်လည်း ခေတ်နောက်ကျသည်ဟူသော အတွေးဖြင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာကောင်းများကို မပစ်ပယ်သင့်ချေ။ ယဉ်ကျေးမှုပျောက်က လူမျိုးပျောက်တတ်သည်။

တိုင်းတစ်ပါးယဉ်ကျေးမှုကို အားကျအတုယူခြင်းသည် မကောင်းချေ။ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် ဝတ်စားဆင်ယင်မှု၊ ပြောဆိုဆက်ဆံမှု၊ ပြုမူနေထိုင်သွားလာမှုများကို ဆင်ခြင်သင့်သည်။ မိဘများကလည်း သားသမီးများကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်စေရန်၊ ပြောဆိုဆက်ဆံ နေထိုင်သွားလာစေရန် သွန်သင်ဆုံးမ ထိန်းကျောင်းပေးကြရမည် ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်မှုမရှိပါက အများနှင့်သက်ဆိုင်သည့် အချို့သောနေရာများသို့ ဝင်ထွက်ခွင့် တားမြစ်ထားကြောင်း တွေ့ရှိရသည်။ ၎င်းမှာ ကောင်းသော လုပ်ဆောင်ချက်ဖြစ်သည်။

ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံမှုသည် ကိုယ်စိတ်နှစ်ပါး အပန်းကြီးသောအရာ မဟုတ်သကဲ့သို့ တစ်ဖက်သားကလည်း မိမိအပေါ် နှစ်လိုဖွယ်ပင်ဖြစ်စေသည်။

မျိုးဆက်သစ်လူငယ်များသည် မြန်မာ့လူမှုပတ်ဝန်းကျင်နှင့် အံဝင်ခွင်ကျမည့် အမူအကျင့်တို့ကို ရွေးချယ်ကျင့်သုံးတတ်ရန် လိုအပ်ပေသည်။ မြန်မာတို့၏ချစ်စရာကောင်းသည့် ဓလေ့စရိုက် အပြုအမူတို့ကိုလည်း မပျောက်မပျက်စေဘဲ ရေရှည်တည်တံ့စေရန် ဆက်လက်ထိန်းသိမ်းကြရမည် ဖြစ်သည်။

သို့ဖြစ်၍ မျိုးဆက်သစ်လူငယ်များအနေဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပြုမူပြောဆိုနေထိုင်တတ်သည့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းသွားသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

လုပ်ငန်းများ စွမ်းရည်ထက်မြက်စွာ ထမ်းဆောင်နိုင်ရန် သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးနေ ရာထူးတာဝန်နှင့်လျော်ညီစွာ မှန်မှန်ကန်ကန်ကြိုးပမ်း

ရန်ကုန် ဇွန် ၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံအင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁/၂၀၀၆)နှင့် ရုံးသုံးကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၀၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၇နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် စက်မှု(၁)လမ်းထောင့်ရှိ စက်မှုကြီးကြပ်ရေးဦးစီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။(အောက်ပုံ)

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌ ကာလတိုအတွင်း စွမ်းရည်ထက်မြက်စွာ ထမ်းဆောင်နိုင်ကြရန် ယခုကဲ့သို့ သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချနေခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများသည် မိမိတို့ ရာထူးတာဝန်များနှင့် လျော်ညီစွာ မှန်မှန်ကန်ကန် ကြိုးပမ်းထမ်းဆောင်သွားကြရန်နှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရန် တိုက်တွန်းပါကြောင်းဖြင့် အကျယ်တဝင့်ပြောကြားသည်။

အဆိုပါ သင်တန်းများသို့ သင်တန်းသားသင်တန်းသူ ၁၀၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ပါတ်စီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၄-၆-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"ဖဂ္ဂုနရဟန်း"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"လူတစ်ယောက်အကြောင်း"**
၀၁:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၂၅ ၄။ မျိုးချစ်တပ်မတော်
၄:၄၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသ သတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၁။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၅ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၂၂)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ ကျန်းမာသုတ
၁၇။ ပဟေဠိနန်းတော်
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း-၉)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၄-၆-၂၀၀၆ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	World Cup Special (Group-B)
၇:၃၅	Sunday Talk
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	ပြည်တွင်းသတင်းအကျဉ်း
၈:၄၅	Language Lab (ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း)
၉:၁၅	မိုးလေဝသခန့်မှန်းချက်
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	နိုင်ငံတကာအနုပညာရေးရာ (ကောင်းထက်ဇော်မွန်မွန်)
၉:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	ကျန်းမာရေးနှင့်ညီညွတ်ဖို့ သန့်ရှင်းသော အစားအစာ စားကြစို့
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၂၅	ခဲမဟုတ်တဲ့ခဲတံ
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	Myanmar Video Rhythm
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	ဂုဏ်လျော်စိုက်ပျိုးရေးအတွက် အချိန်ကာလအလိုက် ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများ
၁၁:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅	မေတ္တာနေခြည်အောက်မှ ကရုဏာပန်းကလေးများ (ရွှေဂုံတိုင်ကလေးပြုစုရေးဌာန)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းအလိုက် ထူးချွန်ဆုရရှိသော ခရိုင်နှင့် မြို့နယ်များအား ဂုဏ်ပြု

နေပြည်တော် ဇွန် ၃

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းအတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအား ဂုဏ်ပြုပွဲကို မေ ၂၈ရက် ည ၇နာရီခွဲက ချမ်းအေးသာစံမြို့နယ်ရှိ အိုရီယင်တယ်ခန်းမဥကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်၊ တိုင်းမိခင်နှင့်ကလေးစောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် ဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြော

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး မန္တလေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ကျေးဇူးတင်စကား ပြောကြား သည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ထူးချွန်ဆုရရှိကြသည့် ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအား ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းအတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၊ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ၂၀၀၅ ခုနှစ်အတွင်း ထူးချွန်ဆုရရှိသော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့ မြေကွက်သစ်ဝယ်ယူရန် အတွက် ဖြူးမြို့ ထန်းကုန်းလမ်းနေ ကျောင်းအစ်မကြီးဒေါ်လှကြိုင် (ကျားပျံ မိသားစု)ကအလှူတော်ငွေကျပ် ၁၀၀၀၀၀၀ ကို မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ) အရှင်ကောသလ္လ (မြန်အောင်)ရှေ့မှောက်၌ မေ၂၈ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၄-၆-၂၀၀၆ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀	၆။	အကပြိုင်ပွဲ
၈း၁၅	၇။	စလင်းရေလှောင်တမံ
၈း၂၅	၈။	အတီးပြိုင်ပွဲ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Say it in English
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁၁း၄၀	၄။	ဝင့်ထည်တိုးပွား ဆားလင်းကြီးရဲ့စွမ်းအား
၁၁း၅၀	၅။	မြန်မာဗီဒီယိုဇာတ်လမ်း **"အချစ်ကိုတွေ့ရှိခြင်း"** ကျော်သူ၊ ခန့်စည်သူ၊ ကြည်လဲ့လဲ့ဦး (ဒါရိုက်တာ-နောင်ထွန်းလွင်၊ ညီညီထွန်းလွင်)
၁၃း၃၀	၆။	အတီးပြိုင်ပွဲ
၁၃း၄၅	၇။	ကျေးပင်အက်ရေလှောင်တမံ
၁၄း၀၀	၈။	အဆိုပြိုင်ပွဲ
၁၄း၁၅	၉။	**"စည်းကမ်းလိုက်နာ ဘေးကင်းမှာ"**
		ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့် [ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး(ဝ/သ ရန်ကုန်)]
၁၄း၃၀	၁၀။	ကုန်စည်တိုးပွားတွဲတေးတံတား
၁၄း၄၅	၁၁။	International News
၁၅း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၁၅	၆။	တေးဂီတအစီအစဉ်
၁၇း၃၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	Discovery
၁၈း၄၅	၁၁။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၈း၅၅	၁၂။	တေးဂီတအစီအစဉ်
၁၉း၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း-၂)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၅၀)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

* ရှေ့ဖုံးမှ

အခြေအနေများနှင့် ဒေသအတွင်း သယံဇာတပစ္စည်းများ ထွက်ရှိမှုနှင့် တိုးတက်ထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

တိုးမြှင့်ထုတ်လုပ်

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး အမှာစကား ပြောကြားရာတွင် တိုင်းအတွင်းရှိဌာနဆိုင်ရာဝန်ထမ်းများ အနေဖြင့် လုပ်ငန်းများကိုတက်ညီလက်ညီ ညှိနှိုင်းပေါင်းစပ်၍ တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်က နိုင်ငံနှင့် အဝန်းအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ် ဆောင်ရွက်ပေးခဲ့ရာ တနင်္သာရီတိုင်း၌ ထားဝယ်နှင့် မြိတ်မြို့များတွင် အခြားမြို့ကြီးများနည်းတူ တက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်နှင့် ဆေးရုံကြီးများကို အဆင့်မြှင့်တင်တည်ဆောက်ပေးပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားရေးဘဝများ တိုးတက်ခိုင်မာစေရန် စေတနာထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် လမ်းနှင့် တံတားကြီးများကို တိုးချဲ့ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် တစ်နေရာမှ တစ်နေရာသို့ ရာသီမရွေး၊ အချိန်အခါမရွေး ကူးလူးဆက်သွယ် သွားလာနိုင်ပြီဖြစ်ကြောင်း၊ တိုင်းအတွင်း၌ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးအပါအဝင် ဒေသ၌ ဖြစ်ထွန်းသည့် ရော်ဘာ၊ ဆီအုန်း၊ ငရုတ်ကောင်းတို့သာမက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကိုပါ တိုးချဲ့စိုက်ပျိုးဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းလျာထားချက်များပြည့်မီကျော်လွန်ရေး၊ နွေစပါး၊ မိုးစပါနှင့် အခြားသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရန် နည်းလမ်းခြောက်သွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသတွင်း မွေးမြူရေးလုပ်ငန်းများနှင့် သယံဇာတပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လုပ်ငန်းခွင်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မြိတ်တက္ကသိုလ်ပင်မလေးထပ်ဆောင်၊ မြေညီထပ်၌ ငါးပြတိုက်တည်ဆောက်နေမှုကိုလည်းကောင်း၊ ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်နေမှုကိုလည်းကောင်း၊ စာသင်ခန်းများဖွဲ့စည်းတည်ဆောက်ထားမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြိတ်တက္ကသိုလ်မှ ဆရာဆရာမများအား တွေ့ဆုံ၍ သင်ကြား၊ စီမံကိန်းစရပ်များကို ဆွေးနွေးမှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ မြိတ်တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၃၃၈၂ဦးတို့သည် အထူးပြုဘာသာရပ်၁၃ခု၌ ပညာသင်ကြားလျက်ရှိကြပြီး ပင်မ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းမှာ ၉၀ဒသမ ၅၇ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ ရောက်ရှိကြပြီး ဆေးရုံသစ်ကြီးတည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ သမားတော်ကြီး ဒေါက်တာအုန်းမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ထိခိုက်ဒဏ်ရာနှင့် အရိုးကုသဆောင်၌ ဆေးရုံတက်ရောက်ကုသလျက်ရှိကြသည့် လူနာများအား နှုတ်ဆက်အားပေးစကားပြောကြားပြီး ခွဲစိတ်ခန်းများ ဖွဲ့စည်းထားရှိမှုနှင့် ခွဲစိတ်ခန်းသုံးစက်ကိရိယာများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှာ ယခုအခါ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ခြံစည်းရိုးကြက်ဆူပင် စပေါင်းစိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၃

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ခြံစည်းရိုးကြက်ဆူပင် စပေါင်းစိုက်ပျိုးပွဲကို မေ ၂၆ရက်က တံတားမြို့အဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စိုက်ပျိုးခင်းနှင့် တံတား-ကဒပွန လမ်းဘေးဝဲယာတွင် စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျေးရွာလူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)**

ခြံစည်းရိုးကြက်ဆူပင် ၁ ဒသမ ၅၀ဧကေ အပင် ၁၈၀၀ကို တံတားမြို့အဝင်တွင်လည်းကောင်း တံတား-ကဒပွနလမ်းဘေးဝဲယာတွင် အပင် ၂၀၀၀ ကိုလည်းကောင်း စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအလှူ

ရန်ကုန် ဇွန် ၃

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း (တာမွေလေး သံလမ်းအနီး)၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းအတွက် သုံးဆယ်မြို့ ဦးလှထွန်း(လူမှုထူးချွန်တတိယဆင့်)-ဒေါ်ခင်သန်း (စံချိန်မီမိသားစု)က အလှူတော်ငွေကျပ် တစ်သိန်း၊ ဒေါ်ဖြူဝင်းသက်(ခေတ္တစင်ကာပူ)၏မွေးနေ့အဖြစ် အရှေ့ကြို့ကုန်း (၇)လမ်းမိသားစုက ငွေကျပ်ငါးသောင်း၊ ကိုကြည်လွင်မိုး ရွှေဝါလမ်း မာန်အောင်ရပ်ကွက် တာမွေက ငွေကျပ်ရှစ်သောင်း၊ ခေတ္တမလေးရှားနိုင်ငံ မလက္ကာပြည်နယ်ရောက် မြန်မာတို့၏ စုပေါင်းအလှူငွေကျပ် ခုနစ်သောင်းခုနစ်ထောင်၊ သာကေတထူပါရုံ ၂လမ်း ဦးသန်းလှိုင်(ဒေါ်မေရီရှိန်)၊ မိသားစုက ငွေကျပ်ငါးသောင်း လှူဒါန်းကြသည်။ တိုးချဲ့ဆောင်နှင့် ဆေးအတွက် ရွှေပြည်ဟိန်းကျောင်း ဖုန်း- ၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆေးလိပ်သောက်သုံးမှုစွန့်လွှတ်သည့် လူငယ်အား တရုတ်၌ ဆုကြေးငွေ ဒေါ်လာ ၁၂၅၀ချီးမြှင့်

ပေကျင်း ဇွန် ၃

တရုတ်နိုင်ငံ စီချွန်ပြည်နယ် ဇီဂေါင်းဒေသမှ အသက်၂၃နှစ်ရှိ လူအိုလင်းဆိုသူသည် ဆေးလိပ်သောက်သုံးခြင်းကို စွန့်လွှတ်လိုက်သည့်အတွက် အမေရိကန်ဒေါ်လာ ၁၂၅၀ ဆုကြေးရရှိခဲ့သည်။

ယင်းဆုလာဘ်သည် စီချွန်ပြည်နယ်တွင်ကျင်းပသည့် စွန့်လွှတ်ခြင်းနှင့် ပိုင်ဆိုင်ခြင်းပြိုင်ပွဲတွင် အမြင့်ဆုံးဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ယင်းဆေးလိပ်စွန့်လွှတ်ခြင်းပြိုင်ပွဲများကို ကမ္ဘာအနှံ့တွင် နှစ်နှစ်တစ်ကြိမ် နိုင်ငံတကာပြိုင်ပွဲကို ကျင်းပပေးခဲ့သည်။ ကျင်းပခြင်းရည်ရွယ်ချက်သည် ပြည်သူများ ဆေးလိပ်ဖြတ်ရန်အတွက် အားပေးခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲတွင် နိုင်ငံနှင့်ဒေသ၁၀၀နီးပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

စီချွန်ပြည်နယ် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာမှ ကျန်းမာရေး ပညာပေးရေးဌာန အကြီးအကဲ ဟောင်ယင်း၏ ပြောကြားချက်အရ ယင်းပြိုင်ပွဲအတွက် လူ ၂၁၉၃ဦးကို စစ်ဆေးမှုပြုလုပ်နေကြောင်း၊ အသက်အကြီးဆုံးသည်၉၁နှစ်ဖြစ်ကာ ၎င်းတို့ထဲမှ အချို့သူများသည် ဆေးလိပ်သောက်ခဲ့သည့်ကာလ ၆၅နှစ်ထိ ရှိပြီး အချို့သည် တစ်နေ့လျှင် စီးကရက်အလိပ်၈၀ခန့် သောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ပနားမားခရီးသည်တင်လေယာဉ် ကွင်းသို့အဆင်း ပြေးလမ်းချော်

ပနားမား ဇွန် ၃

ပနားမားနိုင်ငံ ဘိုကတ်ဒယ်လ်တိုဂိုပြည်နယ်တွင် ခရီးသည်တင်လေယာဉ်တစ်စင်း ဇွန်၁ရက်က လေယာဉ်ကွင်းသို့အဆင်း၌ ပြေးလမ်းချော်သွားခဲ့သည်။ **(အပေါ်ပုံ)**

ဒဏ်ရာရ

အဲယားပနားမားလေယာဉ်သည် ခရီးသည် ၁၆ဦးအား တင်ဆောင်ပျံသန်းလာခြင်းဖြစ်သည်။ လေယာဉ်ပြေးလမ်းချော်၍ ဘေးသို့ထိုးကျသွားခြင်းကြောင့် လေယာဉ်မှူးနှင့် တွဲဖက်လေယာဉ်မှူးတို့ ဒဏ်ရာရရှိခဲ့ပြီး လေယာဉ်ပေါ်ပါ ခရီးသည် ၁၆ဦးစလုံး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့ဖလားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အိန္ဒိယအင်ဂျင်နီယာ ဘောလုံးပုံမော်တော်ယာဉ်တီထွင်

နယူးဒေလီ ဇွန် ၃

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့တွင် ဘောလုံးပုံမော်တော်ယာဉ်အတွင်း ဝင်ရောက်ထိုင်နေသော တီထွင်ဖန်တီးသူနှင့် ၎င်း၏သမီးငယ်ကို ဇွန်၂ရက်က တွေ့ရခြင်းဖြစ်သည်။**(အပေါ်ပုံ)**

ဟိုက်ဒရာဘတ်မြို့မှ ကေဆူလာအမည်ရှိ အင်ဂျင်နီယာတစ်ဦးသည် မကြာမီကျင်းပတော့မည့် ဂျာမနီကမ္ဘာ့ဖလားကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဘောလုံးပုံသဏ္ဌာန် မော်တော်ယာဉ်တစ်စီးကို တီထွင်ဖန်တီး ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

သမိုင်းမတင်မီကအုတ်ဂူ အစ္စရေး၌ ရှာဖွေတွေ့ရှိ

ဂျေရုဆလင် ဇွန် ၃

အစ္စရေးသိပ္ပံ ပညာရှင်များသည် လွန်ခဲ့သော သမိုင်းမတင်မီက ဂေဟစနစ်တစ်ရပ်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇွန်၁ရက်၌ ပြောကြားသည်။

ယင်းတွေ့ရှိမှုသည် အစ္စရေးအလယ်ပိုင်း ရမ်လီမြို့အနီး အုတ်ဂူတစ်ခုအတွင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအုတ်ဂူကို ကျောက်မိုင်းတူးရာမှ တွေ့ရှိခဲ့ကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် အဆိုပါ အုတ်ဂူအတွင်းမှ အမျိုးအမည်မသိ အခွံမာ ရေနေသတ္တဝါမျိုးစိတ်များနှင့် ကင်းမြီးကောက်ကဲ့သို့ ကျောရိုးမဲ့သတ္တဝါတို့၏ မျိုးစိတ်ရှစ်ခုကို တွေ့ခဲ့သည်ဟု ဆိုသည်။

ယင်းသတ္တဝါ မျိုးစိတ်ရှစ်မျိုးသည် အုတ်ဂူထဲတွင် ယခုတိုင်ရှိနေဆဲဖြစ်ကြောင်း၊ ၎င်းတို့အားလုံးကို အမျိုးအမည်မသိကြောင်း၊ ဂျေရုဆလင်ရှိ ဟာဘရူးတက္ကသိုလ်မှ သတ္တဗေဒပညာရှင် ဒေါက်တာဟာနန် ဒီမန့်မန်က ပြောကြားသည်။

ယင်းအုတ်ဂူထဲမှ ဂေဟစနစ်သည် အစ္စရေးနိုင်ငံအား မြေထဲပင်လယ်က လွှမ်းခြုံကာရံထားစဉ်ကာလ လွန်ခဲ့သော အနှစ်ငါးသန်းခန့်က ဖြစ်နိုင်ကြောင်း၊ ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကလေးများ ပြန်ပေးဆွဲမှု ၅၀၀၀ခန့် ကယ်တင်နိုင်

ပေကျင်း ဇွန် ၃

တရုတ်ရဲတပ်ဖွဲ့သည် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၅ခုနှစ်အတွင်း ကလေးများ ပြန်ပေးဆွဲခံရခြင်းအမှု ၄၉၁၁မှုကို တိုက်ခိုက်ချေမှုန်းခဲ့ပြီး ကလေး၁၀၀၀၀ နီးပါးအား ကယ်တင်နိုင်ခဲ့ကြောင်း ပြည်နယ်ကောင်စီ၏ မိခင်နှင့်ကလေး အလုပ်အမှုဆောင်ကော်မတီ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထုတ်ပြန်

ယင်းကော်မတီသည် ကလေးများ ဖွံ့ဖြိုးတိုးတက်ရေး အနှစ်ချုပ် ၂၀၀၁မှ ၂၀၁၀ အကောင်အထည်ဖော်မှုများကို ကြာသပတေးနေ့က ကျရောက်သော နိုင်ငံတကာကလေးများနေ့တွင် ယင်း အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။

မကြာသေးမီနှစ်များအတွင်းက ယင်းကော်မတီသည် ကလေးများ၏ တရားဝင်အခွင့်အရေးများကို စောင့်ရှောက်ကာကွယ်ရန်အတွက် တင်းကျပ်သော ဆောင်ရွက်ချက်များကို လုပ်ဆောင်ခဲ့သည်။

ပူးပေါင်းနှိမ်နင်း

စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းနေသော ကလေးများကို လမ်းများပေါ်တွင် အဓမ္မစေခိုင်း၍ တောင်းရမ်းခိုင်းခြင်းကဲ့သို့သော ကလေးများ၏အခွင့်အရေးများ ချိုးဖောက်မှုများအပေါ် ဝန်ကြီးဌာနများ အချင်းချင်း ပူးပေါင်း၍ နှိမ်နင်းခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ်၌ အင်အားရှဒသမာဝရှိ လျှပ်စီး

ဒါကာ ဇွန် ၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် မေ ၃၁ရက် နံနက်ပိုင်းက အင်အားအသင့်အတင့်ရှိသော ငလျင်လှုပ်သွားခဲ့ကြောင်း ယူအမ်ဘီသတင်းဌာနက ထုတ်ပြန်သည်။

ငလျင်လှုပ်

သို့သော် ယင်းငလျင်လှုပ်မှုကြောင့် သေဆုံးမှုနှင့် ပတ်သက်၍ အစီရင်ခံတင်ပြခြင်းမရှိပေ။ ရစ်ချ်တာစကေး ၅ ဒသမ ၁ ရှိ ငလျင်သည် ဗုဒ္ဓဟူးနေ့ နံနက်၁နာရီ ၄၄မိနစ်တွင် လှုပ်သွားခြင်းဖြစ်သည်။ စစ်တကောင်း၊ ဖီနီဒေသများနှင့် တောင်ပေါ်ဒေသ သုံးနေရာမှ ပြည်သူများသည် ငလျင်ဒဏ်ကို ခံစားခဲ့ရသည်။

၎င်းငလျင်သည် စစ်တကောင်း ငလျင်လေ့လာတိုင်းတာရေးဌာနမှ ကီလိုမီတာ ၂၀၃အကွာတွင် ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။

(၆)ကြိမ်မြောက်

မြေငလျင်တုန်လှုပ်စဉ် စိုးရိမ်ကြောက်လန့်သော ပြည်သူများသည် နေအိမ်အပြင်ဘက်သို့ ထွက်ပြေးလာခဲ့ကြသည်။ ဘင်္ဂလာဒေ့ရှ်နိုင်ငံတွင် ယခုလှုပ်ခတ်ခြင်းသည် (၆)ကြိမ်မြောက်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ရှားပါးခြင်္သေ့ဖြူနှစ်ကောင်

တောင်အာဖရိကနိုင်ငံ တင်ဘာဗာတီဒေသရှိ ဘေးမဲ့တောတွင် လွှတ်ထားသော ရှားပါးခြင်္သေ့ဖြူနှစ်ကောင်ကို ဇွန် ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်စစ်ရဟတ်ယာဉ်တစ်စင်းပျက်ကျ လေးဦးသေဆုံး

ဝါရှင်တန် ဇွန် ၂

အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းသည် ဂျော်ဂျီယာပြည်နယ်တောင်ပိုင်း ပြည်နယ်တွင် ဇွန် ၁ရက် နံနက်ပိုင်းက တီဗွီတာဝါတိုင်နှင့်တိုက်မိ၍ ပျက်ကျသွားရာ ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူ လေးဦးသေဆုံးပြီး တစ်ဦးမှာ အသက်ရှင် လွတ်မြောက်သွားခဲ့သည်။

သတင်းထုတ်ပြန်

ယင်းအမ်အိတ်ချ်-၄၇ ချီနွတ်ရဟတ်ယာဉ်သည် ဂျော်ဂျီယာပြည်နယ် ဆဗန်းနားမြို့ ဟန်တာလေတပ်စခန်းမှ အယ်လ်ဘာမားပြည်နယ်သို့ ပျံသန်းစဉ် ပျက်ကျခြင်းဖြစ်သည်ဟု စီဘီအက်စ်သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

ပျက်ကျသွားသော ရဟတ်ယာဉ်အင်ဂျင်မှနေ၍ မီးတောက်နှင့်မီးခိုးများ ထွက်ပေါ်လာသည်ကို မြင်တွေ့ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။ ရဟတ်ယာဉ်ပျက်ကျရခြင်းမှာ ရဟတ်ယာဉ်၏ ချို့ယွင်းမှုကြောင့် သို့မဟုတ် တီဗွီတာဝါတိုင်နှင့် တိုက်မိခြင်းကြောင့်ဖြစ်သည်ကို အာဏာပိုင်အဖွဲ့က ကြိုးပမ်းစုံစမ်းစစ်ဆေးလျက်ရှိသည်။

ယခုအချိန်အထိ အသက်ရှင်လွတ်မြောက်လာသူ၏အခြေအနေကို မသိရှိရသေးပေ။ ပျက်ကျသွားသော ရဟတ်ယာဉ်ပေါ်တွင်ပါလာသူများ၏ အမည်စာရင်းကို အမေရိကန်စစ်တပ်မှ ထုတ်ပြန်ခြင်းမရှိသေးကြောင်း ဆင်ဟွာ သတင်းတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မလေးရှားအာကာသယာဉ်မှူး အပြီးသတ်ရွေးချယ်ခြင်း

ရှေ့လအတွင်း အပြီးဆောင်ရွက်မည်

ကွာလာလမ်ပူ ဇွန် ၃

မလေးရှားနိုင်ငံသည် အာကာသယာဉ်မှူးနှစ်ဦး နောက်ဆုံးရွေးချယ်ခြင်းကို ရှေ့လတွင် အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ပြီး ၎င်းတို့ထဲမှတစ်ဦးသည် မလေးရှားသမိုင်းတွင် ပထမဆုံး အာကာသသို့သွားရောက်သူ ဖြစ်လာမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဇွန် ၁ ရက်၌ ပြောကြားသည်။

လျှောက်ထားသူ လေးဦးထဲမှ ကံကောင်းသူနှစ်ဦး၏ အမည်ကို မလေးရှား ဝန်ကြီးချုပ် ဘာဒါဝီက ထုတ်ပြန်ကြေညာလိမ့်မည်ဟု မျှော်လင့်ရကြောင်း ဆီလမ်ဂါပြည်နယ် ဘန်တင်းမြို့ မလေးရှား အာကာသ စင်တာဖွင့်ပွဲတွင် သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဖန်တီးမှုဝန်ကြီး ဂျာမာလူဒင်က ပြောကြားသည်။

နောက်ဆုံး ရွေးချယ်ခံရသူ နှစ်ဦးသည်ရုရှားနိုင်ငံ စတားစီးတီးတွင် ၁၈လ လေ့ကျင့်ရေးအစီအစဉ်များကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရုရှားနိုင်ငံတွင် စမ်းသပ်မှုနှင့် လေ့ကျင့်မှုများ ပြုလုပ်ပြီး ပြန်လာသော လျှောက်ထားသူလေးဦးအား ကြိုဆိုသော နေ့လယ်စာစားပွဲတွင် ဝန်ကြီး ဂျာမာလူဒင်က သတင်းထောက်များအား ပြောကြားလိုက်သည်။

မလေးရှား အာကာသစင်တာ တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၀၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၃သမ ၀၅သန်း ကျခံသုံးစွဲခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယင်း အာကာသစင်တာသည် မလေးရှားအာကာသယာဉ်မှူး၏ နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်) စူးစမ်းလေ့လာမှုခရီးစဉ်တွင် နိုင်ငံရှိပြည်သူများနှင့် ဆက်သွယ်မှု ပြုလုပ်ရန် လုပ်ဆောင်ပေးနိုင်လိမ့်မည် ဖြစ်ကြောင်း ဂျာမာလူဒင်က ပြောကြားသည်။

စေလွှတ်

မလေးရှားကာကွယ်ရေး ဝန်ကြီး ဌာနနှင့် ရုရှားအာကာသအေဂျင်စီ သဘောတူ လက်မှတ်ရေးထိုးခဲ့သော စာချုပ်အရ မလေးရှား၏ ပထမဆုံး အာကာသယာဉ်မှူးအား နိုင်ငံတကာ အာကာသစခန်းသို့ ၂၀၀၇ခုနှစ်တွင် စေလွှတ်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ



၂၀၀၅ခုနှစ် စက်တင်ဘာလက နယူးအော်လင်းစ်မြို့တွင် ဟာရီကိန်းမုန်တိုင်း ဝင်ရောက်စဉ် ရေကာတာ ကျိုးပေါက်သွားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာကြီးပူနွေးလာမှုက ဘောလ်တစ်ပင်လယ်မှ ရေသတ္တဝါများအား ခြိမ်းခြောက်ခံရ

အော့စလို ဇွန် ၃

ကမ္ဘာကြီး ပူနွေးလာမှုသည် ဘောလ်တစ်ပင်လယ်မှ ရေသတ္တဝါများကို ခြိမ်းခြောက်နေကြောင်း၊ ယင်းပင်လယ်ရှိ ငါးများသည် ရေများ ညစ်ညမ်းမှုကြောင့် ရုန်းကန်နေကြရကြောင်း ထိပ်တန်းကျွမ်းကျင်သူ တစ်ဦးက ဇွန် ၁ ရက်၌ ပြောကြားသည်။

ဘောလ်တစ်ပင်လယ်သည် ရေသတ္တဝါများကို ဆိုးရွားစွာ ခြိမ်းခြောက်နေကြောင်း ဘောလ်တစ်ပင်လယ်ကို လေ့လာနေသော နိုင်ငံပေါင်း ၁၂ နိုင်ငံမှ သိပ္ပံပညာရှင် ၈၀ ၏အဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ပါမောက္ခဟန်းစ်ဗွန်စတော့က ပြောကြားသည်။

အပူချိန်မြင့်တက်လာမှုသည် ကိုဖန်ဟေဂျင်မှ စိန့်ပီတာစဘတ်မြို့အထိ ကျယ်ဝန်းသော ဘောလ်တစ်ဒေသ၌ မိုးပိုရွာစေပြီး နှင်းများလည်း ပိုကျဆင်းခဲ့ကြောင်း၊ ယင်းဒေသတွင် လူပေါင်း ၈၅ သန်းနေထိုင်ကြောင်း၊ ၎င်းပင်လယ်မှာ ဆားဓာတ်လျော့နည်းလာပြီး လယ်ယာမြေများမှ မြေသြဇာများကြောင့် ညစ်ညမ်းမှုဖြစ်လာကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အတ္တလန်တိတ်ဒေသ ဟာရီကိန်းမုန်တိုင်းကိုးခု ၂၀၀၆ ခုနှစ်၌ ဖြစ်ပေါ်နိုင်ကြောင်း ကျွမ်းကျင်သူများခန့်မှန်း

မီယာမီ ဇွန် ၃

၂၀၀၆ ခုနှစ် အတ္တလန်တိတ် ဟာရီကိန်းရာသီတွင် ဟာရီကိန်းမုန်တိုင်း ကိုးကြိမ်ဖြစ်ပေါ်နိုင်ကြောင်း အမေရိကန် မုန်တိုင်းခန့်မှန်းရေး ကျွမ်းကျင်သူတစ်ဦးက မေ၃၁ ရက်တွင် ခန့်မှန်း ပြောကြားလိုက်သည်။

ခန့်မှန်းပြောကြား

ခြောက်လကြာမည့် အဆိုပါ ဟာရီကိန်းရာသီသည် ဇွန် ၁ရက်မှစတင်ခဲ့ကြောင်း၊ အပူပိုင်းမုန်တိုင်း ၁၇ခု ဖြစ်ပေါ်နိုင်ကြောင်း၊ ကိုးခုမှာ ဟာရီကိန်းများဖြစ်လာနိုင်ပြီး ယင်းအနက်မှ ငါးခုမှာအဓိက ဟာရီကိန်းများ ဖြစ်လာနိုင်ကြောင်း၊ ၎င်းအဓိက ဟာရီကိန်းများသည် တစ်နာရီလျှင် မိုင် ၁၁၀နှုန်း ရှိနိုင်ကြောင်းကို လာရာဒုံတက္ကသိုလ်မှ ဝိလီယံဂရေးနှင့် အဖွဲ့က ခန့်မှန်းပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ခွေးများအတွက် အသံလွှင့်စတီရီယို

ခွေးတစ်ကောင်က စပီကာ တစ်ခုပေါ်တက်ထိုင်ပြီး တေးသီချင်းများကို နားထောင်နေစဉ်။(အပေါ်ပုံ)

ထိုင်းနိုင်ငံဗန်ကောက်မြို့၌ ကမ္ဘာတစ်ဝန်းလုံးရှိ ခွေးများနားထောင်နိုင်ရန် တေးဂီတသံစဉ်များ တီးခတ် ဖန်တီးနေကြောင်း သိရှိရသည်။

အဆိုပါ တေးဂီတသံစဉ်ကို ကမ္ဘာတစ်ဝန်းရှိ လူပေါင်းများစွာနှင့် ဗြိတိန်၊ အမေရိကန်နှင့် ထိုင်းတို့မှ ပရိသတ် တစ်သိန်းခန့်ကလည်း နားထောင်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

အီသီယိုပီးယား၌ ဘတ်စ်ကား လျှိုထဲထိုးကျ

အဒစ်အဘာဘာ ဇွန် ၃

အီသီယိုပီးယားနိုင်ငံ မြောက်ပိုင်းတွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီး နက်ရှိုင်းသောလျှိုအတွင်းသို့ ထိုးကျသွားခြင်းကြောင့် အနည်းဆုံးလူ ၁၇ ဦး သေဆုံးပြီး ၃၆ ဦးဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့က မေ ၃၁ ရက်တွင် ပြောကြားလိုက်သည်။

အဒစ်အဘာဘာမြို့ အရှေ့မြောက်ပိုင်း ကီလိုမီတာ ၅၂၀ ခန့်အကွာ ကယ်လ်တိုမြို့တွင် မေ ၃၀ ရက်က ဖြစ်ပွားခဲ့သည်ဟု ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ယင်းဘတ်စ်ကားသည် ခရီးသည် ၆၃ဦးကို သယ်ဆောင်လာကာ မီတာ ၁၅၀နက်သော လျှိုအတွင်းသို့ ထိုးကျသွားခြင်းဖြစ်သည်။ သေဆုံးသူအများစုသည် အခင်းဖြစ်ပွားရာ နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့က ထပ်လောင်း ပြောကြားလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရင်ချင်းဆက်အမြွှာ

ရင်ချင်းဆက် မွေးဖွားလာသော ကလေးငယ်နှစ်ဦးကို တွေ့ရစဉ်။(အောက်ပုံ)

အဆိုပါ ရင်ချင်းဆက် မိန်းကလေးနှစ်ဦးကို တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျင်းပြည်နယ် တေကျို့မြို့၌ ၂၀၀၅ခုနှစ် ဩဂုတ် ၂၄ရက်က မွေးဖွားခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် ၎င်းတို့နှစ်ဦးစလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိရာ မကြာမီ ခွဲစိတ်ပေးမည်ဟုသိရသည်။

(အင်တာနက်)

ဒလမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

စည်ပင်ဝန်ထမ်းများ လှူဒါန်းသော ရေစက်ရေစင်နှင့် ရေပိုက်လိုင်းဖွင့်

ရန်ကုန် ဇွန် ၃

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်သို့ ရောက်ရှိ၍ မြို့နယ်အဝင် အမြင်တင့်တယ်စေရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပျော်ဘွယ်ကြီး ကျေးရွာလမ်း၌ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ယခုနှစ် မိုးရာသီကာလတွင် ဒလမြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် ရေတမာ၊ မဲဇလီ၊ အော်ရေးရှားစသည့် အရိပ်ရအပင် ၂၀၀၀ နှင့် ပန်းအိ၊ စွယ်တော်လေး၊ စိန်ပန်းပုစသည့် ပန်းအလှပင် ၁၀၀၀တို့ကို ဖြည့်စွက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ပျော်ဘွယ်ကြီး ကျေးရွာရှိ တိုက်နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပသော စုပေါင်းကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကြက်ဆူပင်ကို အမှတ်တရ စိုက်ပျိုးပေးပြီး လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြက်ဆူပင် ၄၅၀ တပျော်တပါး စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အဆိုပါ ဆေးရုံဝင်းအတွင်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများမှ လှူဒါန်းဆောင်ရွက်ပြီးစီးသည့် ရေစက်၊ ရေစင်နှင့် ရေပိုက်လိုင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်သည်။

ထို့နောက်ဗဟိုအလုပ်အမှုဆောင်သည် သောက်သုံးရေကန်မှ အမြင့်တင်ရေဂါလန်၄၀၀ဆံ့ရေတိုင်ကီ ဒီဇယ်အင်ဂျင်ရေတင် စက်တို့ကိုလည်းကောင်း၊ တိုက်နယ် ပြည်သူ့ဆေးရုံ အမျိုးသား၊ အမျိုးသမီး လူနာကုသဆောင်တို့ကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီးမောင်ပါသည် ပျော်ဘွယ်ကြီးကျေးရွာ ပညာရိပ်မွန်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဒလမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဦး၊ ပျော်ဘွယ်ကြီးကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်စိုးတို့နှင့်အတူ ပညာရိပ်မွန်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဦးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုက်နယ်ပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာအောင်ကိုဦးက ပညာရိပ်မွန် စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၁၈၁အုပ်ကို ကျေးရွာစည်းရုံးရေးမှူး ဦးမြသောင်းထံပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီးမောင်ပါသည် ဒလမြို့နယ် သီရိဖေယျနော်ရထာခန်းမ၌ ကျင်းပသော ကျောင်းသုံးစာအုပ် စာရေးကိရိယာပေးအပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အလှူငွေများလှူဒါန်း

ယင်းနောက် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပျော်ဘွယ်ကြီး ကျေးရွာရှိ တိုက်နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်စိုက်ထူရန်အတွက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီး မောင်ပါနှင့် မိသားစု၊ ဦးမောင်မောင်နှင့်ညီများ (ဂရိတ်ဝေါဆေးဝါးလုပ်ငန်း)တို့က ငွေကျပ် တစ်သိန်းစီကိုလည်းကောင်း၊ ဒလမြို့နယ် ပညာရေးငွေပဒေသာပင် စိုက်ထူရန်နှင့် အခြေခံပညာကျောင်းများအတွက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် တစ်သိန်းနှင့် ငွေကျပ်ငါးသောင်းတန်ဖိုးရှိ စာရေးကိရိယာများ၊ ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် နှစ်သိန်းငါးသောင်း၊ ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် နှစ်သိန်းသုံးထောင်၊ ဦးမောင်မောင်နှင့် ညီများ(ဂရိတ်ဝေါဆေးဝါးလုပ်ငန်း)က ငွေကျပ် နှစ်သိန်း၊ ဦးတင်လှ Camel ပရဆေးနှင့် စားသောက်ဆိုင်လုပ်ငန်းက ငွေကျပ်တစ်သိန်းငါးသောင်းနှင့် အလှူရှင်များက ငွေကျပ် နှစ်သိန်းခုနစ်သောင်းနှင့်ကျောင်းသုံးစာအုပ် ဒါဇင် ၅၀၊ ခဲတံဒါဇင် ၅၀တို့ကိုလည်းကောင်း၊ ညောင်ကုန်းဖေယျဝတီကျောင်းတိုက် ဓမ္မရုံဆောက်လုပ်ရန်အတွက် ဒေါက်တာနိုင်ဝင်း (ကျော်ဖေယျထရိတ်ဒင်း ကုမ္ပဏီလီမိတက်)နှင့် ဦးအောင်ကျော်စိုး-ဇနီးဒေါက်တာသီတာလွင် မိသားစုတို့က ငွေကျပ် ငါးသိန်းစီကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ဒလမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေး အခြေခံသင်တန်း အမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူးဦးသာဝင်းနှင့်အတူ သင်တန်း၌ထူးချွန်သည့် သင်တန်းသားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီးမောင်ပါသည် ဒလမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ မြို့နယ်နေပြည်သူများသာမက သံဃာတော်များပါဆေးကုသခံယူနိုင်ရန် အလှူရှင် ဒေါက်တာနိုင်ဝင်း(ကျော်ဖေယျထရိတ်ဒင်းကုမ္ပဏီ)က ဆောက်လုပ်လှူဒါန်းထားသည့် သံဃာတော်ဆေးကုသဆောင်၌ ကျန်းမာရေးကုသမှုခံယူနေသော သံဃာတော်များအား လိုက်လံကြည့်ရှု၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အမျိုးသားကုသဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ မွေးလူနာခန်းနှင့် အမျိုးသမီး ကုသဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်းတွင် နှစ်ဖက်မိဘများအမှူးထား၍ အမှတ် ၅ ရတနာလမ်းမကြီး ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ် ရေကြောင်းအင်ဂျင်နီယာ ဦးမြင့်ဝင်း-ဒေါ်သန်းသန်းမြင့်[အလယ်တန်းပြ ဆရာမ(ငြိမ်း) လ-၄၊ သဃ်န်းကျွန်း] သမီး ဆုရည်ဝင်း(Final, UCSY)၊ သား ဟန်ဖြိုးဝင်း(VII Y, TTC)တို့က အလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ညောင်ဦး ရွှေစည်းခုံ စေတီတော်မြတ်ကြီး

ကြေးဂူတိုက်ဘုရားများ ရွှေသင်္ကန်းကပ်လှူနိုင်

ရန်ကုန် ဇွန် ၃

မန္တလေးတိုင်း ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံစေတီတော် မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းတော်များကို ဂေါပကအဖွဲ့က ကြီးမှူး၍ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ကြာသွပ်အိုး ၁၂လုံးကို မကြာမီတွင် ရွှေသင်္ကန်းတော်များကို စတင်ကပ်လှူပူဇော်မည်ဖြစ်ပြီး စေတီတော်ကြီး၏ မျက်နှာလေးဘက် ကြေးဂူတိုက်များပေါ်ရှိ ရွှေစေတီလေးဆူကိုလည်း ဆက်လက်၍ ရွှေသင်္ကန်းတော်များကို ကပ်လှူမည်ဖြစ်သည်။ ရွှေစေတီ (ရွှေထီးပါ) တစ်ဆူလျှင် ငွေကျပ် ၆၅၀၀၀၀၊ နှစ်လက်မပတ်လည် မျက်ပါးရွှေ တစ်ဆိုင်းလျှင် ငွေကျပ်၁၆၀၀၀၊ ကိုးလက်မပတ်လည် ရွှေချပြီး တစ်ချပ်လျှင် ငွေကျပ် ၅၀၀၀၊ တစ်ပေပတ်လည် ရွှေချပြီး တစ်ချပ်လျှင် ငွေကျပ်၇၀၀၀ဖြင့် အတွင်းရေးမှူး ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညောင်ဦးမြို့ ဖုန်း ၀၆၁-၆၀၂၆၁၊ ဥက္ကဋ္ဌ ရွှေစည်းခုံဂေါပကအဖွဲ့ ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၈၂၅နှင့် ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း) ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန်မြို့ ဖုန်း-၆၄၀၄၈၇နှင့် ၆၄၀၄၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးငယ်များအား ကူညီနိုင်မည့် စက်ရုပ်များ တီထွင်

ယခုအခါ နောက်ဆုံးထုတ်လုပ်လိုက်သော စက်ရုပ်များသည် ကလေးများ၏ ကွဲပြားသောလှုပ်ရှားမှုများကို အထောက်အကူများစွာပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

အသုံးပြု

ကလေးငယ်များ၏အမျိုးမျိုးသော လုပ်ကိုင်ဆောင် ရွက်ချင်သည့် အလုပ်များကို နောက်ဆုံးပေါ်စက်ရုပ်များက ကူညီဆောင်ရွက်ပေးနိုင်ပြီး ကလေးငယ်များနှင့်လည်း ပူးပေါင်းလုပ်ကိုင်နိုင်အောင် နောက်ဆုံးပေါ်နည်းစနစ်များကို အသုံးပြုထုတ်လုပ်ထားသည်ဟုဆိုသည်။

တီထွင်

ခေတ်မီနောက်ဆုံးပေါ်နည်းစနစ်များဖြင့် ပြုလုပ်ထားသော စက်ရုပ်များအနေဖြင့် ကလေးငယ်များကို ထိန်းသိမ်းရာတွင်လည်းကောင်း၊ လမ်းလျှောက်ရာတွင်လည်းကောင်း၊ အစားအစာ စားသောက်ရာတွင်လည်းကောင်း ခေတ်မီ စက်ရုပ်နည်းပညာသုံး နည်းစနစ်များဖြင့် တီထွင်ထုတ်လုပ်ထားသော စက်ရုပ်များက အကူအညီပေးနိုင်အောင် တီထွင်ထားကြောင်း လန်ဒန်ရှိ သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့အတူ ကလေးငယ်များ ကွန်ပျူတာ အသုံးပြုနိုင်အောင်လည်း ကူညီပေးမည်ဖြစ်ပြီး အခြားဆောင်ရွက်မှုကိစ္စများကို စက်ရုပ်များက ကူညီပေးအောင် တီထွင်ထားသည်။

(အောက်ပုံ)

ကလေးငယ် ထောင်ပေါင်းများစွာကို စနစ်တကျ စမ်းသပ် သုတေသနပြုခဲ့ပြီးမှ ထုတ်လုပ်ခဲ့ခြင်း ဖြစ်ပြီး အဆိုပါ နည်းပညာကို အသုံးပြုထားသည့် စက်ရုပ်များအား မိခင်တစ်ယောက်၏ နွေးထွေးသောလက်များဟုပင် အမည်ပေးထားကြောင်း လန်ဒန်သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာမက်မွန်ဝေါလမ်စ်က ပြောကြားသည်။**(ကိုးကား-အင်တာနက်)**

အင်တာနက်

သတင်းနှင့်

ဓာတ်ပုံ

အကိုက်အခဲ ပျောက်ဆေး အလွန်အကျွံသောက်လျှင် နှလုံးနှင့်လေဖြတ် ရောဂါဖြစ်နိုင်

အကိုက်အခဲပျောက်ဆေးများ နေ့စဉ်နှစ်ကြိမ်ခန့် သာမန်အားဖြင့် သောက်သုံးလျှင် နှလုံးရောဂါနှင့် လေဖြတ်ခြင်း ရောဂါများ ဖြစ်စေနိုင်ကြောင်း အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ယင်းကဲ့သို့ အကိုက်အခဲပျောက်ဆေးများ နေ့စဉ်သောက်ခြင်းမှာ အနည်းငယ်သာလျှင် အထက်ပါရောဂါများဖြစ်ပွားခြင်းမှ စွန့်စားရကြောင်း ဗြိတိသျှဆေးဂျာနယ်၏ လေ့လာချက်တွင် ဖော်ပြသည်။

အိုင်ဘူပရိုဖန်နှင့် ဒိုင်ကလိုဖန်နိတ်ကဲ့သို့သော အကိုက်အခဲပျောက်ဆေးများ နေ့စဉ်သောက်လျှင် အဆိုပါ ရောဂါများဖြစ်ပွားခြင်းမှ စိုးရိမ်ရသည်ဟု ဆိုသည်။

ရိုးဆက်ရောင်ရမ်းနာကဲ့သို့သော နာတာရှည် ကိုက်ခဲနေသူများသည် အဆိုပါဆေးများကို စွဲ၍ သုံးစွဲတတ်ကြသည်။

အကိုက်အခဲပျောက် COX-2 ဆေးဝါးအသစ်သည်လည်း လေဖြတ်ခြင်းနှင့် နှလုံးရောဂါ စွန့်စားခြင်းများ ဖြစ်ပွားနိုင်သည်ဟု ဆိုသည်။

အကိုက်အခဲပျောက်ဆေးများကို လိုအပ်သည်ထက် ပိုမိုသုံးစွဲနေပါက အထက်ပါရောဂါများ ဖြစ်လာနိုင်သည်ဟု ဗြိတိသျှ ဆေးပညာရှင်များက ပြောကြားသည်။ (ကိုးကား-အင်တာနက်)

မမ္ဘူတ ခရီးကြွရောက်မည်

ရန်ကုန် ဇွန် ၃

ပဲခူးမြို့နယ် ဘုရားကလေးစံပြကျေးရွာ အမှတ်(၁၃) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် အေးစေတီကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇဝနသည် ဇွန် ၄ရက်(နယုန်လဆန်း၉ရက်)တွင် မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသို့ ဓမ္မဒူတ ခရီးကြွရောက်မည်ဖြစ်သည်။ **(က-ပ)**

အာရှနှင့်ပစိဖိတ်နိုင်ငံများ သဲကန္တာရတိုက်ဖျက်ရေး အမျိုးသားရေးအစီအစဉ်တစ်ရပ်အဖြစ်လုပ်ဆောင်လျက်ရှိ

■ *ကျော်ဖုံးမှ*

ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(UNEP)က ၁၉၉၁ခုနှစ်မှစပြီး ဆောင်ရွက်နေသော မိုးခေါင်မှုများကြောင့် မြေများပျက်စီးခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လမ်းစဖြစ်လာခဲ့သည်။

သဲကန္တာရများ တစ်စတစ်စကျယ်ပြန့်လာခြင်းကို မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းရန်အတွက် ကုလသမဂ္ဂပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးရေးကွန်ဖရင့် (UNCED)ကို ၁၉၉၂ခုနှစ်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပခဲ့သည်။ ယင်းကွန်ဖရင့်မှ အဆိုပါပြဿနာကို ပူးပေါင်းဖြေရှင်းရန်အတွက် အထောက်အကူဖြစ်စေခဲ့သည်။

အာရှနှင့် ပစိဖိတ်နိုင်ငံများသည် သဲကန္တာရ တိုက်ဖျက်ရေး အတွက် အမျိုးသားရေးအစီအစဉ်တစ်ရပ်အဖြစ် လုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ခုနှစ် ဇန်နဝါရီလတွင်ကုလသမဂ္ဂသဲကန္တာရတိုက်ဖျက်ရေး ကွန်ဗင်းရှင်း(ယူအင်န်စီစီဒီ)တွင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပူးပေါင်းပါဝင်

မြန်မာနိုင်ငံအနေဖြင့် သဲကန္တာရတိုက်ဖျက်ရေးတွင် အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ဒေသဆိုင်ရာအာဏာပိုင်များက ပူးပေါင်းပါဝင်လျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မောရစ်သျှနိုင်ငံ၌ မိုးခေါင်မှုကြောင့် နေအိမ်များကို စွန့်ခွာသွားကြကာ ပျက်စီးယိုယွင်းလျက်ရှိသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဆိုပါ ကွန်ဖရင့်မှ အစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ (INCE)တစ်ရပ်ထူထောင်ရန် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ဆော်ဩလိုက်သည်။ သဲကန္တာရတိုက်ဖျက်ရေးဆောင်ရွက်မှုတွင် နိုင်ငံပေါင်း ၁၇၉ နိုင်ငံတို့က ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေး ကွန်ဗင်းရှင်း(ယူအန်စီစီဒီ)၏ ယခုနှစ် ၂၀၀၆ခုနှစ်အတွက် ဆောင်ပုဒ်မှာ **"သဲကန္တာရတားဆီးရေး၊ ခြောက်သွေ့မြေများထိန်းသိမ်းပေး"** ဖြစ်သည်။

၂၀၀၆ခုနှစ် ဇွန် ၅ရက်တွင် သဲကန္တာရ တိုက်ဖျက်ရေးနေ့အဖြစ် ကျရောက်မည်ဖြစ်ကြောင်း သိရသည်။

သဲကန္တာရ

အာရှဒေသတွင် မိုးခေါင်ရေရှားရပ်ဝန်း ၁ဒသမ၇ဘီလီယံဟက်တာ ကျယ်ဝန်းသည်။ မြေထဲပင်လယ်ကမ်းခြေမှ ပစိဖိတ်ကမ်းခြေများအထိ ကျယ်ပြန့်သည်။ တရုတ်၊ အိန္ဒိယ၊ အီရန်၊ မွန်ဂိုလီးယားနှင့် ပါကစ္စတန်နိုင်ငံတို့တွင်သဲကန္တာရများကျယ်ပြန့်လာသည်။

နီပေါနိုင်ငံ၏တောင်ဖျားရေတိုက်စားမှု လျင်မြန်စွာ ဖြစ်ပေါ်နေပြီး တောများပြုန်းတီးလာသည်။ လူအများစုမှာ သဲကန္တာရဖြစ်ခြင်းနှင့် မိုးခေါင်မှုဒဏ်ကို ခံစားနေကြရသည်။

ကြိုးပမ်းလုပ်ဆောင်

ဤသို့ သဲကန္တာရများဖြစ်လာခြင်းကြောင့် အာရှတိုက်နိုင်ငံများသည် သဲကန္တာရတိုက်ဖျက်ရေးအတွက် ဂရုတစိုက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လတ္တီတွဒ် ၉ ဒီဂရီ၂၈ပေနှင့် ၂၈ဒီဂရီ၂၉ပေနှင့် လောင်ဂျီတွဒ် ၉၂ဒီဂရီ၁၀ပေနှင့် ၁၀၁ ဒီဂရီ၁၀ပေအကြားတွင် အပူပိုင်းဒေသအဖြစ်တည်ရှိသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသည် ပူပြင်းခြောက်သွေ့ဇုန်ဖြစ်သည်။ အဆိုပါ အပူပိုင်းဇုန်မှလွဲ၍ မြန်မာနိုင်ငံတွင် မေလမှ အောက်တိုဘာလကုန်အထိ မိုးသိသာစွာရွာသွန်းသည်။

မကြာသေးသည့်နှစ်များက ရာသီဥတုမှာ တဖြည်းဖြည်းခြောက်သွေ့လာသည်။ ကမ်းခြေဒေသများ၊ မြစ်ဝကျွန်းပေါ်နှင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ၏ နှစ်စဉ်မိုးရွာသွန်းမှုမှာ မီလီမီတာ၅၀၀၀ ရှိသည်။ သို့ရာတွင်



ဆီနီဂေါ၌ မိုးခေါင်မှုကြောင့် သဲကန္တာရများ ဖြစ်ပေါ်နေသည်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နှစ်စဉ် မိုးရွာသွန်းမှုမှာ မီလီမီတာ ၆၀၀ထက်ပင် လျော့နည်းနေသည်။ အဆိုပါ အပူပိုင်းဇုန်သည် အခြားသောဒေသများထက် သိသာစွာ ပူပြင်းခြောက်သွေ့လာသည်။

အပူချိန်မှာလည်း ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ၄၀ဒီဂရီ ဆဲလ်စီးရပ်အထိရှိသည်။ နိုင်ငံအနောက်ပိုင်းရှိ ရခိုင်တောင်တန်းသည် မြန်မာနိုင်ငံအလယ်ပိုင်းသို့ ရောက်လာမည့် အနောက်တောင်မုတ်သုံမိုး လမ်းကြောင်းကို အဟန့်အတားသဖွယ် ဖြစ်နေသည်။

အပူပိုင်းဇုန်ဒေသသည် စတုရန်းမိုင် ၂၁၀၀၀ကျယ်ဝန်းသည်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးနှင့် မကွေးတိုင်းများပါဝင်သည်။ အပူပိုင်းဇုန်အတွင်း ၁၃ခရိုင်နှင့်၅၇မြို့ ပါဝင်သည်။

အပူပိုင်းဇုန်သည် အရှေ့ဘက် ရှမ်းကုန်းမြေမြင့်နှင့် ရခိုင်ရိုးမ၊ အနောက်ဘက်ချင်းတောင်တန်းများ အကြားတွင်ရှိသည်။ ယင်းကုန်းမြင့်ဒေသများကြောင့် အပူပိုင်းဒေသကို ဖြစ်စေခဲ့သည်။

ကျေးလက်ရေရရှိရေး

ဤသို့သော အပူပိုင်းဒေသတွင် သဲကန္တာရများကျယ်ပြန့်လာခြင်းကို တားဆီးရန်အတွက် နိုင်ငံတော်အနေဖြင့် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး စီမံကိန်းများ၊ ဆည်အစုအဖွဲ့များ ထူထောင်ပေးခြင်းနှင့် ကျေးလက်ရေရရှိရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးခဲ့သည်။

ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံချက်ကြောင့် ယခင်က တောင်ကတုံးများနှင့် လွင်တီးခေါင်မြေများသည် ယခုအခါ သစ်ပင် သစ်တောများဖြင့် တွေ့မြင်နေရပြီ ဖြစ်သည်။ အပူပိုင်းဒေသတွင် ပေါက်ရောက်လေ့ရှိသော ရှား၊ ထနောင်း၊ ဘောစကိုင်း၊ သန်း၊ ဒဟတ် အစရှိသော သဘာဝပေါက်ပင်များကို တွေ့မြင်နေရပြီဖြစ်သည်။

ဆည်ရေ

အပူပိုင်းဒေသတွင် ဆည်အစုအဖွဲ့များ ပေါ်ပေါက်လာသဖြင့် ဒေသနေပြည်သူများ မိုးကောင်းရေသောက်လယ်သမားဘဝမှ ဆည်ရေကိုအသုံးပြုကာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်၍လည်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့် သဲကန္တာရတိုက်ဖျက်ရေးကို တပေါင်းတစည်းတည်းဆောင်ရွက်နိုင်ခဲ့ကြသည်။

ထောက်ကူ

ထို့အပြင် ကျေးလက်ရေရရှိရေးစီမံကိန်းများ ပေါ်ပေါက်လာ၍လည်း အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးနှင့် သဲကန္တာရများ ကျယ်ပြန့်လာခြင်းကို ဟန့်တား ကာကွယ်မှုတို့တွင် အထောက်အကူဖြစ်စေခဲ့သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းက ဆောင်ရွက်နေသော သဲကန္တာရတိုက်ဖျက်ရေးအစီအစဉ်တွင် ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြိုအဖြစ် ရေးသားလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**



ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် တော်မွှာရုံနှင့် ပဋ္ဌာန်းပန်းချီအတွက် အမှတ် ၁၉၄ ပါရမီလမ်း (၅)ရပ်ကွက် တောင်ဥက္ကလာပနေ နှစ်ဖက်မိဘများ အမှူးထား၍ ဦးအောင်ကြည်-ဒေါ်လှလှကြည်၊ သမီးမကြည်စုလင်း၊ မမျိုးသီတာမိသားစုက အလှူတော်ငွေကျပ် တစ်သိန်းခုနစ်ထောင့်ငါးရာကို ဂေါပကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

❐ *ကျော်ဖုံးမှ*

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့်ဌာနမှူးများက ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များနှင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်းများက ခြံစည်းရိုး ကြက်ဆူပျိုးပင် အပင်၄၀၀၀ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရှုရပ်မျှော်စင်ပေါ်မှ ကျွန်းစိုက်ခင်းအခြေအနေ၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ပြည်သူ့ဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေက စိုက်ခင်းမြေကို သစ်တောရေးရာဝန်ကြီးဌာနမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လွှဲပြောင်းယူမှု၊ စိုက်ခင်းအကျယ်အဝန်း၊ ကျွန်းပင်များစိုက်ပျိုးပြီးစီးမှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု၊ ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထည့်သွင်းစိုက်ပျိုး

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စိုက်ခင်းအတွင်း သစ်ခိုးခုတ်မှုများကို ထိရောက်စွာ တားဆီးရေး၊ ဇီဝလောင်စာဆီအဖြစ် အသုံးပြုနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းရနေသည့် ရော်ဘာပင်ကိုလည်း ထည့်သွင်းစိုက်ပျိုးရေး စသည်တို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ကျွန်းစိုက်ခင်းဧက ၄၀၀ တွင် ယနေ့စိုက်ပျိုးသည့် ခြံစည်းရိုးကြက်ဆူပင် အပင်၄၀၀၀အပါအဝင် ယနေ့အထိ ခြံစည်းရိုးကြက်ဆူပင် ၃၄၉၈၂၀ပင် စိုက်ပျိုးပြီးစီးပြီး နောက်ထပ်ဧက၁၀၀ တိုးချဲ့၍ စုစုပေါင်းဧက ၅၀၀၌ ခြံစည်းရိုးကြက်ဆူပင် ခြောက်သိန်းကို လာမည့် ဇူလိုင်အတွင်း အပြီးစိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် အဆိုပါကျွန်းစိုက်ခင်း၌ ၁၉၉၈-၉၉ ခုနှစ်မှစတင်၍ ကျွန်းပင် အပင်၆၀၀၀၀ စိုက်ပျိုးထားကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ကျွန်းစိုက်ခင်းကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ခရမ်းမြို့နယ် မြေနီလမ်းနေ မောင်ပြည့်ဖြိုး-မဟန်စုဝင်းတို့က မင်္ဂလာဦးအလှူငွေအဖြစ် ခရမ်းနာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးစောဝင်းထံ အလှူငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

မိဘ၊ သားသမီးမေတ္တာနှင့် ချစ်စဖွယ်ကလေးငယ်တို့၏ ဟန်ပန်များ ထူးခြားဆန်းသစ်သောရေးဆွဲဟန်များနှင့် “စိတ်-၂” ပန်းချီပြပွဲ

ခံစားတင်ပြသူ-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံလက်ရာ-တင်စိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း အနုပညာရှုခင်း

အိမ်ပြန်ရန်ဖိနပ်စီးနေသော ကလေးငယ်တစ်ဦး၏ဟန်ပန်ပန်းချီကား။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

“သမားရိုးကျ ပန်းချီရေးဆွဲဟန်တွေနဲ့မတူဘဲ ရေးဟန်အသစ်၊ တင်ပြပုံ ဆန်းသစ်မှုတွေကို မိမိကိုယ်တိုင်လဲ သဘောကျ ကြိုက်နှစ်သက်တယ်၊

“စိတ်-၂” ပန်းချီပြပွဲနှင့် ပတ်သက်၍ ပန်းချီဆရာ ဦးမြင့်သိန်း၏ဇနီး ပန်းချီဆရာမ မသီတာက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကြည့်ရှုတဲ့ ပရိသတ်ကိုလဲ ခံစားမှု အသစ်တွေ ဖြစ်စေချင်တယ်”။

ပြသထား

“စိတ်-၂”ဟု အမည်ပေးထားသည့် ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ လောကနတ်ပန်းချီခန်းမ၌ ဦးဆောင်ဦးရွက်ပြသမည့် ပန်းချီဆရာဦးမြင့်သိန်းက ပြောကြားသည်။ပန်းချီပညာရှင်ဇနီးမောင်နှံနှစ်ဦးတို့၏လက်ရာမြောက်ပန်းချီကား၂၀ကို ဇွန်၂ရက်မှ၁၅ရက်အထိ ပြသထားရာ မြန်မာ့အလင်းသတင်းအဖွဲ့၏မေးမြန်းမှုကိုပန်းချီဆရာဦးမြင့်သိန်းက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ပြပွဲ၌ပြသထားသည့် ပန်းချီကားများနှင့် ပတ်သက်၍ “ပန်းချီကားတိုင်း တရုတ်ပန်းချီရေးဆွဲဟန်နဲ့ တူပေမယ့် မြန်မာ့ပန်းချီပညာကို အခြေခံပြီး တရုတ်ပန်းချီလိုဆန်းသစ်ထားတာပါ၊ အရောင်ရွေးချယ်မှု၊ ရေးဆွဲမှုတွေကတော့ မြန်မာ့ပန်းချီရေးနည်းအပေါ် ထူးခြားအောင်ပြုလုပ်ထားပါတယ်”ဟု ဦးမြင့်သိန်းက ပြောကြားသည်။

ဖော်ညွှန်း

ပြခန်းအတွင်းရှိ ပန်းချီကားများ အားလုံးသည် သားသမီးနှင့် မိဘမေတ္တာကို ဖော်ညွှန်းနေသည့် ပန်းချီကားများ ဖြစ်နေသည်။

“အမေနှင့် ကလေး”အမည်ရှိ ပန်းချီကားနှင့် ပတ်သက်ပြီး မေးမြန်းရာ “စင်ကာပူပန်းချီပြပွဲ လေ့လာရေးသွားတော့ စင်ကာပူ ငါးပြတိုက်အနီးမှာ တွေ့ခဲ့ရတဲ့ နိုင်ဂျီးရီးယား သားအမိကို သဘောကျလို့ ရေးဆွဲထားတာပါ။ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသားရောင် ကွဲပြားမှုတွေရှိနေပေမယ့် မိခင်မေတ္တာဟာ အတူတူပဲဆိုတာ ပြချင်တာ အခရိုင်းလစ်နဲ့ ရေးဆွဲထားပြီး တရုတ် ပန်းချီရေးဆွဲဟန်အတိုင်း တင်ပြထားခြင်းဖြစ်ပါတယ်”ဟု ပြောကြားသည်။

မသီတာ၏ လုံလုံနှင့် ရှဥ့်ကလေးအမည်ရှိ ပန်းချီကား။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ခြယ်မှုန်းနိုင်

အိပ်ပျော်နေသော သမီးငယ်ကို ပွေ့ချီထားသော နိုင်ဂျီးရီးယားနိုင်ငံသူ အမျိုးသမီးကြီး၏ မျက်နှာ၌ ကျေနပ်ကြည်နူးနေမှုကို အတိုင်းသားပေါ်လွင်အောင် ခြယ်မှုန်းပြနိုင်သည်။ အရောင်အထူအပါးစုတ်တံအဖိအဖော့ကိုလည်း ကျွမ်းကျင်စွာ အသုံးပြုရေးဆွဲနိုင်သဖြင့် သရုပ်ပါလှသော ပန်းချီကားပင်ဖြစ်သည်။

“အမေနှင့်ကလေး-၁၆”အမည်ရှိ ပန်းချီကားမှာလည်း ပန်းချီဆရာ ဦးမြင့်သိန်း၏ လက်ရာဖြစ်ပြီး ကင်မရာလေးတစ်ခုမှ မြင်ကွင်းကို သားအမိနှစ်ဦး ကြည်နူးစွာ ကြည့်ရှုနေပုံဖြစ်သည်။ ရောင်စုံ အနုအရင့်ပါရှိသော ပိုးသားပိတ်စပေါ်တွင် အခရိုင်းလစ်ဆေးဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး တရုတ်ပန်းချီဟန်ဆန်ဆန်အရောင်သွင်းရေးဆွဲထားခြင်းဖြစ်သည်။ “အလင်းအမှောင်ကို အရောင်နဲ့ဖမ်း ထားတာပါ။ ညအချိန်မီးအလင်းရောင်မှာ သားအမိ ဓာတ်ပုံကိုကြည့်ပြီး ကြည်နူးနေတဲ့ပုံစံက မိဘနဲ့သားသမီး ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြနေပါတယ်”ဟု ဦးမြင့်သိန်းက ရှင်းပြသည်။

သားအမိနှစ်ဦး ကြည်နူးနေပုံကို ပိုးသားပိတ်စပေါ်တွင် အခရိုင်းလစ်ဖြင့် ရေးဆွဲထားသော ပန်းချီကား။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အရောင်အနု၊ အရောင်စုံပါရှိသော ပိုးသားပိတ်စပေါ်တွင် အခရိုင်းလစ်

သတိပဋ္ဌာန်ဟု အမည်ပေးထားသော ပန်းချီဆရာမ မသီတာ၏ အခရိုင်းလစ်နှင့် ရေးဆွဲထားသော ပန်းချီကား။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဆေးကို နိုင်နိုင်နင်းနင်းအသုံးပြုထားသော **“အမေနှင့်ကလေး-၁၇”**ပန်းချီကားမှာလည်း တိရစ္ဆာန်ဥယျာဉ်အတွင်း ဒန်းစီးနေသော ကလေးငယ်တစ်ဦးကို အမိအရရေးဆွဲထားခြင်းဖြစ်သည်။ ဒန်းစီးနေရ၍ ကျေနပ်နေသော၊ မိခင်ရှိ၍ အားကိုးရှိနေသော ကလေးငယ်၏ မျက်နှာဟန်ပန်မှာ အသက်ဝင်လှသည်။ အရောင်များကို အလိုက်သင့် သွင်းပြီး ရေးဆွဲပုံမှာ ညက်ညောထိမိလှသည်။

ဒန်းစီးနေသော ကလေးငယ်တစ်ဦးကို အမိအရ ရေးဆွဲထားသော ပန်းချီကားမှာလည်း အသက်ဝင်လှသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ယခု**“စိတ်-၂”**ပန်းချီပြပွဲ၌ ပန်းချီဆရာ ဦးမြင့်သိန်း၏ဇနီး ပန်းချီဆရာမ မသီတာကလည်း ပန်းချီကား ၁၀ချပ် ပါဝင်ပြသထားရာ ချစ်စဖွယ်ကလေးငယ်များ၏ပုံများအား သဘာဝအတိုင်း ခံစားရေးဆွဲထားသည်ကို တွေ့ရသည်။

ကလေးငယ်များ၏ ပုံများကို ဦးစားပေးရေးဆွဲရမှုနှင့် ပတ်သက်ပြီး မသီတာက “ကလေးငယ်တွေရဲ့အပြစ်ကင်းစင်ပုံ၊ သဘာဝစရိုက်၊ လှုပ်ရှားမှုတွေကိုနှစ်သက်လို့ ရေးဆွဲထားတာပါ။ ကလေးငယ်တွေရဲ့ လှုပ်ရှားမှုတွေ၊ခံစားမှုတွေကို ကြည့်ရှုသူတွေ ထိထိရှရှ ခံစားရအောင်လည်း ကြိုးစားထားပါတယ်”ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

စိတ်“၂” ပန်းချီပြပွဲနှင့် ပတ်သက်၍ ပန်းချီဆရာ ဦးမြင့်သိန်းက မြန်မာ့အလင်းသို့ ဤသို့ရှင်းပြသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အလေ့အကျင့်

“သတိပဋ္ဌာန်”ဟု အမည်ပေးထားသောပန်းချီကားမှာ ပန်းချီဆရာမ မသီတာ၏ အခရိုင်းလစ်နှင့် တရုတ်ပန်းချီရေးဟန်အတိုင်း ရေးဆွဲထားခြင်းဖြစ်ပြီး ကလေးငယ်တစ်ဦး သတိပဋ္ဌာန်တရားအားထုတ်နေပုံကို အရောင်များဖြင့် ပိုင်နိုင်စွာခြယ်မှုန်းထားခြင်းဖြစ်သည်။ ကလေးငယ်၏ မျက်နှာပြင်ပေါ်တွင် ကျရောက်နေသော အလင်းရောင်၊ ကိုယ်နေဟန်ထားတို့မှာ လိုက်လျောညီထွေရှိအောင် ဖော်ကျူးထားနိုင်ရာ လက်ရာမြောက်လှသည်။ အသက်ငယ်သော်လည်း သတိပဋ္ဌာန်တရားကို အားထုတ်တတ်ရန် အလေ့အကျင့်ကောင်းပေးရေး သတိပေးနေသည့်နှယ် ရှိတော့သည်။

“အတွေး” ဟု အမည်ပေးထားသော ပန်းချီဆရာမ မသီတာ၏ လက်ရာ။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ထို့အတူ **“လုံလုံနှင့် ရှဥ့်ကလေး”** ဟူသော ပန်းချီကားမှာလည်း ပန်းချီဆရာမ မသီတာ၏ အခရိုင်းလစ်နှင့် ပိုးသားပိတ်စပေါ်၌ ရေးဆွဲထားသော ပန်းချီကားဖြစ်သည်။ ရှဥ့်ရုပ်ပုံကျောပိုးအိတ်ကလေးကို ကျော၌ လွယ်ထားသော ကလေးငယ်တစ်ဦး၏ ပန်းချီကား ဖြစ်သည်။ “ဒီပန်းချီကားက ကလေးငယ်တွေရဲ့ ငယ်စိတ်ခံစားမှုအရ တိရစ္ဆာန်ရုပ်လေးတွေကို ချစ်တတ်ပုံ၊ မြတ်နိုးတတ်ပုံ ဖော်ကျူးထားတာပါ၊ အခြေခံ အရောင် လေးရောင်ကို အသုံးပြုပြီး အရောင်အနုအရင့်ကို နေရာမှန်အောင်စနစ်တကျ သုံးစွဲထားပါတယ်” ဟု မသီတာက မြန်မာ့အလင်းသို့ ရှင်းပြသည်။

တစ်ဖန် **“တိုင်းစကွဲ”**ဟု အမည်ပေးထားသော ပန်းချီကားမှာလည်း ပန်းချီဆရာမမသီတာ၏လက်ရာဖြစ်ပြီး အိမ်ပြန်ရန် ဖိနပ်စီးနေသော ကလေးငယ်တစ်ဦး၏ဟန်ပန်ကို နောက်ကျောဘက်မှ ရေးဆွဲထားခြင်းဖြစ်သည်။ အလင်းရောင်ကျမှုကို သဘာဝအတိုင်း ပေါ်လွင်အောင် ခြယ်မှုန်းလက်စွမ်းပြထားရာ အယူအဆကောင်းလှသည်။

မသီတာ၏အပီပြင်ဆုံးလက်ရာမှာ **“အတွေး”**အမည်ရပန်းချီကားဖြစ်သည်။ အလိုမကျ၍ စိတ်ကောက်နေသော ကလေးငယ်တစ်ဦး၏ဟန်ပန်ကိုထိထိမိမိ ရေးဆွဲထားခြင်းဖြစ်သည်။ အလိုမကျ၍ နှုတ်ခမ်းစူနေပုံ၊ မျက်လုံးက စိတ်ဆိုးနေမှုကိုပြပုံတို့မှာ ရသမြောက်လှသည်။ အရောင်ဖျော့ဖျော့ကို မျှောပြီးသုံးထားပုံမှာ လိုရာသို့ရောက်အောင် ပံ့ပိုးပေးနိုင်သည်ကို တွေ့ရသည်။

မိဘနှင့် သားသမီးမေတ္တာနှင့် ချစ်စဖွယ်ကလေးငယ်တို့၏ဟန်ပန်များကို တရုတ်ပန်းချီရေးဟန် ဆန်ဆန်ဖြင့် ဆန်းသစ် ဖော်ကျူးထားရာ **“စိတ်-၂”**ပန်းချီပြပွဲသို့ သွားရောက်ကြည့်ရှုလေ့လာခံစားသင့်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

၇၉၀ မဂ္ဂါဝပ်ရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်း တစ်နှစ်လျှင်ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀သန်းထုတ်နိုင်မည့် အကြီးမားဆုံးရေအားလျှပ်စစ်ဖြစ်၍ဝန်ထမ်းများဂုဏ်ယူထိုက်

ရန်ကုန် ဇွန် ၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးတိုင်း မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင်ကွာ ရဲ-ယမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်၌ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော "ရဲရွာ" ရေအားလျှပ်စစ်စီမံကိန်းသို့ မေ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူးဦးမြင့်ဇော်၊ Colenco အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့မှ နိုင်ငံခြားသားပညာရှင်များ၊ စီမံကိန်း၌ ပါဝင်ပူးပေါင်းဆောင်ရွက်နေသော ပြည်တွင်းရှိ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ စီမံကိန်းညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်းမှတာဝန်ရှိသူများနှင့်အတူ စီမံကိန်း၏ လက်ယာဘက်ကမ်း၌ ပင်မတမံလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပင်မတမံ RCC ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ချဉ်းကပ်ဥမင်လိုဏ်အတွင်း လုပ်ငန်းဆောင်ရွက်မှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေသားရှင်းလင်းတူးဖော်ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ လက်ဝဲဘက်ကမ်း၌ ပင်မတမံလုပ်ငန်းများဆောင်ရွက်နေမှု၊ ဖိအားမြှင့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် RCC ကွန်ကရစ်နှင့် ရောစပ်အသုံးပြုရန်ကျောက်ကြိတ်ခွဲခြင်းလုပ်ငန်း၊ RCC ကွန်ကရစ် ဖျော်စက်များသို့ တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စောပြီးအောင်ကြိုးပမ်း

ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် စီမံကိန်းမှ တာဝန်ရှိသူများအား ဤရေအားလျှပ်စစ် စီမံကိန်းသည် မြန်မာနိုင်ငံ၌ အကြီးမားဆုံးရေအားလျှပ်စစ်စီမံကိန်းဖြစ်၍ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများသည် ဝမ်းမြောက် ဂုဏ်ယူထိုက်ကြောင်း၊ စီမံကိန်းကြီး သတ်မှတ်ကာလထက် စော၍ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လုပ်ငန်းစဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် မိုးကာလတွင် လုပ်ငန်းသုံးပစ္စည်းများ အလုံအလောက်စုဆောင်းဖြည့်တင်းထားရှိရေး၊ ယာဉ်နှင့် စက်ယန္တရားများ စနစ်တကျ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်း၍ ကြံ့ခိုင်မှု ပုံမှန်ပြုလုပ်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ရဲရွာရေအားလျှပ်စစ် စီမံကိန်းသည် စက်တပ်ဆင်အင်အား ၇၉၀ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်လျှင် ကီလိုဝပ်နာရီ သန်းပေါင်း၃၅၅၀သန်း ထုတ်လုပ်နိုင်မည့် အကြီးစားရေအား လျှပ်စစ်စီမံကိန်းဖြစ်ပြီး ထွက်ရှိမည့် ဓာတ်အားများကို ရွှေစာရံ ဓာတ်အားခွဲရုံနှင့် ကျောက်ဆည် (ဘဲလင်း) ဓာတ်အားခွဲရုံများမှတစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်၍ တစ်နိုင်ငံလုံးသို့ ဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည်ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် ကျောက်ထုတ်လုပ်ပေးနေသော High Tech ကုမ္ပဏီ၊ Asia World ကုမ္ပဏီ၊ MSP ကုမ္ပဏီ၊ အိုလံပစ် ကုမ္ပဏီများ၏ ကျောက်ထုတ်လုပ်ရေးစခန်းများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ရဲရွာရေအားလျှပ်စစ် စီမံကိန်းကို တွေ့ရစဉ်။

[အမှတ်(၁)လျှပ်စစ်စွမ်းအား]

နိုင်ငံတော်တည်ဆောက်နေမှုနှင့်တိုးတက်အောင်မြင်နေမှု ဝန်ထမ်းတိုင်းသိရှိနားလည်ထား တာဝန်ကျေပွန်ရုံသာမက အတွေ့အကြုံဗဟုသုတနှင့်တတ်ကျွမ်းသည့်ပညာရပ်များအသုံးပြု ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတိုးတက်ရေးစည်းလုံးညီညွတ်စွာဆောင်ရွက်

ရန်ကုန် ဇွန် ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသော မီးသတ်ဦးစီးဌာန၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အကောင်အထည်ဖော်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းမှာကြားပြီး ၂၀၀၅ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်စိစစ်၍ အားနည်းချက်များကို ပြုပြင်ဆောင်ရွက်ကြရန်နှင့် အားသာချက်များကို ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကျရာကဏ္ဍမှ ဦးလည်မသုန် တာဝန်ထမ်းဆောင်ကြရန် လိုကြောင်း၊ လုပ်ငန်းခွင် စည်းလုံးညီညွတ်ရေး၊ တိုင်းကျိုးပြည်ဆောင် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များထက်မြက်ခိုင်မာပြီး နိုင်ငံတော် အေးချမ်းသာယာရေး၏ အရန်အင်အားစုကြီးအဖြစ် ဖွဲ့စည်း လေ့ကျင့်တည်ဆောက်သွားကြရန်နှင့် ရှေ့လုပ်ငန်းစဉ်များကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် တာဝန်ကျေပွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားသည်။

သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ပြည်နယ်/တိုင်း မီးသတ်ဦးစီးဌာနမှူးများက မိမိတို့ ဌာနနှင့် ပြည်နယ်/တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်းမှာကြား

ဆွေးနွေး တင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့အောက်ရှိ ဝန်ထမ်းများအား မွန်းလွဲ၁နာရီတွင် မီးသတ်ဦးစီးဌာန (ရုံးချုပ်) သီတာခန်းမ၌ တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနများသည် နိုင်ငံတော်၏ လူမှုဆိုင်ရာကိစ္စအဝဝကို ဆောင်ရွက်ပေးနေသော ဝန်ကြီးဌာနများ ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်နေမှုနှင့် တိုးတက်အောင်မြင်နေသော အခြေအနေများကို ဝန်ထမ်းတိုင်းသိရှိ နားလည်ထားရန် လိုကြောင်း၊ တာဝန်ကျေပွန်သော ဝန်ထမ်းဖြစ်ရုံသာမက မိမိ၏လုပ်သက်၊ အတွေ့အကြုံဗဟုသုတနှင့်တတ်ကျွမ်းသည့် ပညာရပ်များကို အသုံးပြု၍ နိုင်ငံ့အကျိုးပြု လုပ်ငန်းများတွင် ကျရာတာဝန်ကဏ္ဍက ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းကျိုးပြည်ဆောင်စိတ်များကို အခြေခံ၍ မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များဖြင့် နိုင်ငံတော် တိုးတက်ရေးအတွက် စည်းလုံး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားသည်။ **(သတင်းစဉ်)**

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

● ကျောဖုံးမှ

ကျင်းပရေးကော်မရှင်ရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ မိုးညှင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် NLD ပါတီမှ နုတ်ထွက်သူများ တက်ရောက်ကြပြီး မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင် ဦးဖော်ဂျုံးဂေါ်လီက သဘာပတိအဖြစ်ဆောင်ရွက်၍ မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးကျော်စိန်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် နုတ်ထွက်လွှာပေးအပ်သူ ၆၁ ဦးတို့၏ကိုယ်စား မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးမြင့်သိန်းက ပါတီမှနုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားရာတွင် ယခုဆိုလျှင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ မြို့နယ်များနှင့်ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ NLD ပါတီမှ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အလုပ်အမှုဆောင်များ၊ ပါတီဝင်များသည် တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ အစုအဖွဲ့အလိုက်သော်လည်းကောင်း အဆက်မပြတ် တဖွဲဖွဲနုတ်ထွက်လျက်ရှိကြောင်း၊ ပါတီ၏မှားယွင်းသော လုပ်ရပ်၊ အာဏာရရှိရေး၊ လူတစ်စုကောင်းစားရေးကိုသာ ရှေ့တန်းတင်ဆောင်ရွက်နေသည့် NLDပါတီ၏ လုပ်ရပ်များကို စိတ်ကုန်ခန်းပြီး ပါတီလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် ဆန္ဒမရှိတော့သည့်အတွက် စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူညီစွာဖြင့် ယခုကဲ့သို့ နုတ်ထွက်ကြသည်ကိုလည်း ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း၊ ၁၉၈၈ခုနှစ်တွင် ပြည်သူများသည် တစ်ပါတီစနစ်အစား ပါတီစုံဒီမိုကရေစီစနစ်ပြောင်းလဲကျင့်သုံးရန် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း၊ ပါတီစုံဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်ရာတွင် တိုင်းပြည်၏အကျိုးစီးပွားကိုရှေးရှုပြီး ရိုးသားစွာပါဝင် ဆောင်ရွက်လိုသည့်အတွက် NLD ပါတီသို့ ပါတီဝင်အဖြစ်ဝင်ရောက်ခဲ့ကြောင်း၊ သို့ရာတွင် NLD ပါတီသည် ပြည်သူအများမျှော်မှန်းထားသည့် တိုင်းပြည်၏ အကျိုးစီးပွားကိုမကြည့်ဘဲ တိုင်းပြည်နှင့်လူမျိုး၏ အကျိုးစီးပွားဆုတ်ယုတ်စေမည့်၊ တိုင်းပြည်တစ်ပြည်လုံး သူတစ်ပါးဩဇာခံဘဝရောက်ရှိစေမည့် နည်းလမ်းများကိုသာ တစိုက်မတ်မတ် လုပ်ဆောင်နေသည်ကို မြင်တွေ့ရကြောင်း၊ NLD ပါတီ၏ နိုင်ငံရေးလုပ်ဆောင်မှု အနေအထားသည် ယုံကြည်ချက်လမ်းကြောင်းပေါ်မှ သွေဖည်နေသည်ကို တွေ့မြင်နေရကြောင်း၊ အမိန့်ဟူသမျှ ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်စနစ်ဖြင့် နိုင်ငံတော်ကိုပိတ်ဆို့ရေး၊ ပြည်တွင်းအင်အားကိုလျစ်လျူရှု၍ ပြည်ပအားကိုးရေးဆိုသည့် မှားယွင်းသောမူဝါဒဖြင့် အစဉ်တစိုက်ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ NLD ပါတီသည် ပြည်ပြေးအဖွဲ့များ၊ အကြမ်းဖက်အဖျက်သမားများနှင့်လည်း ဆက်စပ်ပတ်သက်မှုရှိနေကြောင်း၊ နိုင်ငံတော်အစိုးရက NLD ကို မတရားအသင်းကြေညာနိုင်ရန် ခိုင်လုံသည့်အထောက်အထားများရရှိထားကြောင်းကို ကျိုင်းတုံမြို့၌ ဧပြီ၂၆ရက်တွင် ပြုလုပ်ခဲ့သည့် သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆) ၌ ရှင်းလင်းသွားကြောင်း၊ မိုးညှင်းမြို့နယ် NLDပါတီ၏ လက်ရှိအနေအထားကို တင်ပြရမည်ဆိုလျှင် ၁၉၉၁ခုနှစ် ဧပြီ၂၆ရက်စွဲဖြင့် NLD ဗဟိုမှ အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ ၁၉၉၇ခုနှစ် အောက်တိုဘာ၆ရက်တွင် တစ်ကြိမ်၊ ၂၀၀၂ခုနှစ် ဒီဇင်ဘာ၂၇ရက်တွင်တစ်ကြိမ် အလုပ်အမှုဆောင်အဖွဲ့ကို သုံးကြိမ်တိုင်တိုင် ဗဟိုမှပြောင်းလဲဖွဲ့စည်းပေးခဲ့ကြောင်း၊ အဖွဲ့အတွင်း စိတ်ဝမ်းကွဲပြားနေပြီး ညီညွတ်မှုလည်းမရှိကြောင်း၊ ၎င်းလုပ်ရပ်များကို ကြည့်မည်ဆိုပါက NLDပါတီသည် အမျိုးသားရေးကို ဗန်းပြပြီး နိုင်ငံတော်ပျက်စီးစေရန်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုပျက်ပြားစေရန် အဖျက်သဘောဆောင်သည့်လုပ်ရပ်များ လုပ်ဆောင်နေသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်နှင့် NLD ပါတီ၏လုပ်ရပ်များကို နှိုင်းယှဉ်ကြည့်စရာမလိုဘဲ မည်သူက အပြုသမား၊ မည်သူက အဖျက်သမားဖြစ်သည်ကို အလွယ်တကူသိရှိနိုင်ကြောင်း၊ အာဏာရရှိရေးကိုရှေးရှုပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွား တိုးတက်ရေးလုပ်ငန်းများကို လျစ်လျူရှုထားသည့် NLD ပါတီ၏ တစ်ဖွတ်ထိုး၊ တဇောက်ကန်းလုပ်ရပ်များကို စိတ်ပျက်ငြီးငွေ့သဖြင့် မိမိတို့ဆန္ဒအလျောက် ပါတီဝင်အဖြစ်မှ နုတ်ထွက်ကြခြင်းဖြစ်ကြောင်း၊ပါတီဝင်အဖြစ်မှ နုတ်ထွက်ပြီး ပါတီနိုင်ငံရေးထက် အမျိုးသားနိုင်ငံရေးကို နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မိမိတို့လုပ်ဆောင်ချက်များအပေါ် မှန်ကန်သည်ဟု ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် NLD ပါတီမှ နုတ်ထွက်သူ၆၁ဦးတို့၏ကိုယ်စား မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ဦးချစ်မြိုင်က နုတ်ထွက်လွှာများကို မိုးညှင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံပေးအပ်ပြီး အခမ်းအနားကို မွန်းလွဲ၂နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အိပ်မက် မဟုတ်တော့ပါ

ဦးသာစိန်

ကျွန်တော်သည် မီးရထားဝန်ထမ်း တစ်ဦးဖြစ်ခဲ့ပါသည်။

၁၉၇၇ခုနှစ် မတ်လ ၈ရက်နေ့ နံနက် ၈နာရီက မုတ္တမဘူတာနှင့် ကျွဲခြံဘူတာအကြား ရထားလမ်းပိုင်းတွင် ကုန်တွဲတစ်တွဲ လမ်းချော်ကျနေကြောင်း ကျွန်တော်တာဝန်ကျသည့် မော်လမြိုင်ဘက်ရှိ ရုံးသို့ သတင်းရောက်လာပါသည်။ မော်လမြိုင်မှ ရထားတွဲချော်ကျရာနေရာသို့ အမြန်ဆုံးရောက်ရန် ကြိုးစားခဲ့သော်လည်း ကမ်းနှစ်ဖက်ရှိ ရထားလမ်းများ ဆက်စပ်၍ မရနိုင်အောင် ခြားနေသော မုတ္တမ ရေပြင်ကျယ်ကို မော်တော်ဘုတ်တစ်စင်းဖြင့် ဖြတ်ကူးခဲ့ကြရပါသည်။ ရထားလမ်းချော်ရာ နေရာသို့ နံနက်၁၀နာရီကျော်မှ ရောက်ရှိခဲ့ကြပါသည်။ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ အပျက်အစီးများ ဖယ်ရှားပြုပြင်ခဲ့ရာ ည ၁၀နာရီကျော်မှ ရထားလမ်း ပြန်ဖွင့်ပေးနိုင်ခဲ့ပါသည်။

နောက်တစ်နေ့ နံနက်တွင် ရန်ကုန်သို့ မသွားမဖြစ် ရုံးကိစ္စရှိနေသဖြင့် မော်လမြိုင်သို့ ညတွင်းချင်းပြန်ကာ နံနက်စောစော ထပ်မံ၍ မုတ္တမရေပြင်ကျယ်ကြီးကို ဖြတ်ကူးရပါဦးမည်။ ည ၁၁နာရီခန့်တွင် မော်တော်ဘုတ်ဖြင့် မုတ္တမ ဘက်ကမ်းမှမခွာမီ နှင်းများကျလာပြီး မှုန်မှိုင်းလာပါပြီ။ ကမ်းပေါ်မှ မိတ်ဆွေများက မသွားရန် တားကြ၊ သတိပေးကြပါသည်။ သို့သော်လည်း အကြိမ် ပေါင်းများစွာ ဤရေပြင်ကို ဖြတ်ကျော်မောင်းနှင်နေကျ မော်တော်ဘုတ်မောင်းသူရှိနေ၍ မြစ်ကမ်းမှ မီးရောင်မှိန်မှိန်များကို အားထားကာ စိုးတထိတ်ထိတ်ဖြင့် ကမ်းမှ ခွာခဲ့ကြပါသည်။

ဤရေပြင်ကျယ်ကြီးကို တံတားထိုးပေးလျှင် ကောင်းမည်။ ဤမျှကျယ်ပြောသော ရေပြင်ကြီး၊ မိုးများဒေသမှ လှိုင်းလေကြီးသော မြစ်ဆုံ၊ ရေနက်သော၊ ရေတက် ရေကျရှိသော၊ ရေစီးသန်သော မြစ်ဆုံကိုဖြတ်၍ တံတားကြီး တည်ဆောက်ရန် ဖြစ်နိုင်ပါမည်လား၊ အလွန်ခက်ခဲသော အရာပါတကား။ မိမိ၏ သက်တမ်းတွင်လည်း ဖြစ်နိုင်တော့မည် မဟုတ် . . .

မုတ္တမမှ မော်လမြိုင်ကမ်းသို့ မော်တော်ဘုတ်ငယ်ဖြင့် မှန်မှန်ခုတ်မောင်းပါက ရေစုန်တွင် မိနစ်၃၀ သာ ကြာပါသည်။ ယခု စက်မောင်းချိန် တစ်နာရီရှိပြီး ညသန်းခေါင်ယံ ၁၂နာရီထိုးသော်လည်း ကမ်းမမြင် လမ်းမမြင် ဖြစ်နေရပါသည်။ နှင်းများက ပို၍ပို၍ထူပိန်းလာကာ ရှေ့ ၁၀ ကိုက်ကိုပင် မမြင်နိုင်တော့ပါ။ မော်တော်ဘုတ်မှ မီးမောင်း ကလည်း နှင်းထုကို မထိုးဖောက်နိုင်ပါ။ အနီးဝန်းကျင်တွင် အခြား ရေယာဉ်များ ရှိလိုရှိငြား ဥသြသံများပေးသော်လည်း တုံ့ပြန်သံမရှိခဲ့ပါ။ အချိန်ကြာသည်နှင့်အမျှ နှင်းများပိုကျလာပြီး မြင်ကွင်းပိတ်ကာ စိတ်ပူပန်စရာဖြစ်လာရပါသည်။ မော်တော်ဘုတ်မောင်းသူက အခြေအနေအရ ကျောက်ချ၍နားမှ ကောင်းမည်ဆိုကာ မော်တော်ပေါ်ပါလာသော ကျောက်ဆူးကို ရေထဲပစ်ချပြီး စက်ရှိန်နှေးထားလိုက်ပါသည်။

ည ၁ နာရီခန့်တွင် ဒီရေ တက်စပြုလာပါပြီ။ စုန်ဆင်းနေသော ရေက ရပ်တန့်ပြီး ဆန်၍ စီးလာပါသည်။ ကျောက်ချထားသော မော်တော်ဘုတ်လည်း တစ်ပတ်လည်သွားပါပြီ။ ကျောက်ကြိုးများလည်း တင်းလာပြန်သဖြင့် ပြတ်မထွက်ခင် မော်တော်ဘုတ်မောင်းသူက ကျောက်ဆူးကို ပြန်ဖော်ရပါသည်။ မော်တော်ဘုတ်ကို ရေဆန်ပြီး ဖြည်းဖြည်းမောင်းကာ နေရာရွေ့ မသွားစေရန် ထိန်းထားခဲ့ပါသည်။ ရှေ့နောက်ဝဲယာလည်း မမြင်ရ၊ စက်ရှိန်မြှင့်ပြီး ဦးတည်ရာ မောင်းမည်ဆိုပါက ဘယ်အရပ် ဘယ်ကမ်းခြေဆိုက်မည်ကို မှန်း၍မရ၊ ပင်လယ်ပြင်ကို ဦးတည်ထွက်သွားမည်ကို စိုးရိမ်ရသကဲ့သို့ ထိုစဉ်က သောင်းကျန်းသူများ ကြီးစိုးရာအရပ်သို့ ရောက်သွားမည်ကိုလည်း ပူပန်ရပါသည်။ မော်တော်ဘုတ်မောင်းသူက စိတ်မကောင်းပါကြောင်း၊ ယူဆောင်နေကျ သံလိုက်"အိမ်မြှောင်"ကျန်ရစ်ခဲ့၍ အရှေ့အနောက် မှန်းဆမသိ ဖြစ်ရပါကြောင်း နံနက်လင်းချိန်အထိ အတိမ်းအစောင်းမဖြစ်စေရန် ကြိုးစား၍ ထိန်းထားရမည့် အကြောင်းများ ပြောပါသည်။

နံနက်၃နာရီတွင် ခုံးမျက်စ လခြမ်းကလေးက ကောင်းကင်တွင် မြူနှင်းကြားမှ ရေးရေးရိပ်ရိပ်ထိုးထွက်စပြုလာပါသည်။ တစ်ချိန်တည်းတွင်ပင် ဘုန်းတော်ကြီးကျောင်းမှ တုံးခေါက်သံသဲ့သဲ့ကြားရပါသည်။ နံနက်၃နာရီ အချိန်မှန်မှန်ခေါက်သော ဤအသံကို ကျွန်တော်ကောင်းကောင်း မှတ်မိပါသည်။ ကျွန်တော်နေသော အိမ်၏ အနောက်ဘက် မော်လမြိုင်ဘက်ကမ်းမှဖြစ်ပါသည်။

ကျွန်တော်က မော်တော်ဘုတ်မောင်းသူအား ဤအသံလာရာသို့ ဦးတည်မောင်းရန် ပြောပြရသည်။ တည့်တည့် ခုတ်မောင်းရန်မှာ မြင်ကွင်းရှင်းနေမှ ဖြစ်နိုင်ကြောင်း ရေယာဉ်မောင်းများသိပါသည်။ ယခုကဲ့သို့ လရောင်လေး မှုန်ဝါးဝါးတွင် တည့်တည့်သွားရန်မလွယ်ကူ၍ ကြိုးစားနေသော ရေယာဉ်မောင်းကို ကျွန်တော်အကြံပြုရပါသည်။ တုံးခေါက်သံကလည်း တိတ်ဆိတ်သွားပါပြီ။ ကျွန်တော်က မော်တော်အမိုးတိုင်ကို တွယ်ပြီး အပြင်ဘက်သို့ ဦးခေါင်းပြူထွက်ကာ ကောင်းကင်ရှိ ပေါ်ထွက်စ လခြမ်း၏ အစွန်းနှစ်ဖက်ကိုချိန်၍ "ဘယ်ဘက် ညာဘက်"စသည်ဖြင့် အော်ပြောပြီး တုံးခေါက်သံပေါ်ရာ အရပ်သို့ ဦးတည်ထိန်းမောင်းကြရ ပါသည်။ ၁၀ မိနစ်ခန့်မောင်းပြီးသောအခါ ပင်လယ်ရေကြောင်းသွား ကတ္တူလှေကြီးတစ်စင်းမြင်ကွင်းတွင် ဘွားခနဲ မြင်ကြရပါသည်။ ထို့နောက် နံနက် ၃နာရီခွဲတွင် မော်လမြိုင်ဘက်ကမ်း စက်လှေဆိပ်သို့ ရောက်ကြပြီး လိုရာခရီးဆက်နိုင်ခဲ့ကြပါသည်။

ဖော်ပြပါ မိမိကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များ၊ ကံဆိုးမိုးမှောင်ကျခဲ့ရသူများ ဤရေပြင်ကျယ်ပေါ်တွင် များစွာ ရှိခဲ့ပါလိမ့်မည်။ "ယင်းဒုက္ခမျိုး ထပ်မံမကြုံတွေ့ပါရစေနှင့်"ဟု အကြိမ်ကြိမ် ဆုတောင်းခဲ့မိပါသည်။

ဤရေပြင်ကျယ်ကြီးကို တံတားထိုးပေးလျှင် ကောင်းမည်။ ဤမျှကျယ်ပြောသော ရေပြင်ကြီး၊ မိုးများဒေသမှ လှိုင်းလေကြီးသော မြစ်ဆုံ၊ ရေနက်သော၊ ရေတက် ရေကျရှိသော၊ ရေစီးသန်သော မြစ်ဆုံကိုဖြတ်၍ တံတားကြီး တည်ဆောက်ရန် ဖြစ်နိုင်ပါမည်လား၊ အလွန်ခက်ခဲသော အရာပါတကား။ မိမိ၏သက်တမ်းတွင်လည်း ဖြစ်နိုင်တော့မည်မဟုတ် စသည်ဖြင့် အတွေးနယ်ကျွံ တံတား တည်ဆောက်ရေး အစွဲအလမ်း ကြောင့် အိပ်မက်ပင်မက်ခဲ့ရဖူးပါသည်။

ယခုတော့ မြန်မာနိုင်ငံတွင် အရှည်ဆုံးဖြစ်သည့် အရှည်ပေ ၁၁၅၇၅ပေရှိ သံလွင်တံတား(မော်လမြိုင်)ပေါ်တွင် ရထားရော၊ ကားပါ ဖြတ်သန်းနေသည်ကို ကျွန်တော် သိရ၊ မြင်တွေ့ရပါပြီ၊ အိပ်မက်မဟုတ်တော့ပါ။ ။

မြန်မာနိုင်ငံတွင် အရှည်ဆုံးဖြစ်သည့် အရှည်ပေ ၁၁၅၇၅ပေရှိ သံလွင်တံတား(မော်လမြိုင်)ပေါ်တွင် ရထားရော၊ ကားပါ ဖြတ်သန်းနေသည်ကို ဤသို့ တွေ့ရသည်။

ရန်ကင်းသစ္စာရိပ်သာလမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဇွန် ၃

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးခဲ့သည့် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ သစ္စာရိပ်သာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇နာရီခွဲက ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ သစ္စာရိပ်သာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို သစ္စာလမ်းမကြီးနှင့် သစ္စာရိပ်သာလမ်းဆုံရှိ မုခ်ဦးရှေ့၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီးမောင်ပါနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးညီညီနိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများက သစ္စာရိပ်သာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး လမ်းသစ်အတွင်း ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

အမှာစကားပြောကြား

ထို့နောက် သစ္စာရိပ်သာလမ်းကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါလမ်း ခြံအမှတ်(၇-က)ဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီးမောင်ပါက အမှာစကား ပြောကြားသည်။

ယနေ့ ဖွင့်လှစ်သည့် ရန်ကင်းမြို့နယ် အမှတ်(၁၂)ရပ်ကွက် သစ္စာရိပ်သာလမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်သည် လမ်းအရှည်ပေ၇၀၀ အကျယ်၁၅ပေရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ပံ့ပိုးငွေ ကျပ်၁၂သိန်းနှင့် ရပ်ကွက်နေပြည်သူများ ထည့်ဝင်ငွေ ကျပ်၄၅သိန်း တို့ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဏန်းလုပ်ငန်းစည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှု ကော်မတီက ကြီးမှူး၍ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၈ ရက်က ဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပစဉ်။ (က-ပ)

သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

၁။ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာလာစေသည်။
၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။
၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
၄။ ဦးနှောက်နှင့်အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
၅။ ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး၊ ရောဂါများကို ကာကွယ်နိုင်သည်။
၆။ အကြောအခြင်အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။
၇။ သွေးလည်ပတ်မှုကောင်းမွန်ပြီး အိပ်ပျော်စားဝင်စေသည်။
၈။ စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
၉။ နေ့စဉ်ပုံမှန်နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေသည်။

သို့ဖြစ်ပါ၍ ကိုယ်ရောစိတ်ပါ ကြံ့ခိုင်ကျန်းမာလာစေရန် လူတိုင်း နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အားကစားဝန်ကြီးဌာန

ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး တက္ကသိုလ်ကြို့ပို့ယာဉ်နှင့် လိုင်းကားများ စနစ်တကျစီမံပြေးဆွဲ

ရန်ကုန် ဇွန် ၃

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၅ နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဆွေဝင်း တက်ရောက်၍ တက္ကသိုလ်ကျောင်းသား၊ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် တက္ကသိုလ်ကြို၊ပို့ယာဉ်များနှင့် လိုင်းကားများကို စနစ်တကျစီမံပြေးဆွဲကြရန်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ စီးနင်းမှုမရှိစေရန်နှင့် မော်တော်ယာဉ်များကို စီအင်န်ဂျီပြောင်းလဲမှု ပိုမိုမြန်ဆန်စေရန် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်း၊ ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ(မြို့တွင်း)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် မြင့်ဆွေ(အငြိမ်းစား) နှင့် တာဝန်ရှိသူများက တက္ကသိုလ်၊ကောလိပ် ကြို၊ပို့ယာဉ်များစီစဉ်ပြေးဆွဲလျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ဥက္ကဋ္ဌများက တက္ကသိုလ်ကြို/ပို့ယာဉ်များ ဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များအား စီအင်န်ဂျီ ပြောင်းလဲပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

မြန်မာမုန့်လုပ်ငန်း (ဆင့်ပွား) သင်တန်းဆင်း

ရန်ကုန် ဇွန် ၃

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် မြန်မာမုန့်လုပ်ငန်း(ဆင့်ပွား) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၁၀ နာရီက အဆိုပါတပ်မဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်မာမာဝေ တက်ရောက်အားပေးချီးမြှင့်သည်။

ပေးအပ်

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများကိုယ်စား သင်တန်းသူဒေါ်အေးအေးမြင့်အား ပေးအပ်သည်။

ကျေးဇူးတင်စကား

ထို့နောက် သင်တန်းသူများကိုယ်စား သင်တန်းသူဒေါ်ခင်ထွေးရီက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လိုက်လံကြည့်ရှု

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော တပ်မဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ သင်တန်းသူများ ပြုလုပ်ထားသည့် မြန်မာမုန့်မျိုးစုံကို လိုက်လံကြည့်ရှုကြသည်။ **(သတင်းစဉ်)**

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ၂၀၀၆ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စီမံကိန်းတာဝန်ခံများ စီမံကိန်းရည်မှန်းချက်များ ကျေညက်ရန်လို ရည်မှန်းချက်အတိုင်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ပြီး သက်ဆိုင်ရာဌာနများနှင့် မပြတ်ညှိနှိုင်း

နေပြည်တော် ဇွန် ၃

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၂၀၀၆ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၁ ရက်က နေပြည်တော်ရှိ ယင်းဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ပြည်နယ်၊ တိုင်းများမှ စီမံကိန်းဦးစီးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် လူမှုစီးပွား မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိရောက်စွာ အကျိုးပြုစေရေး၊ လုပ်ငန်းစွမ်းရည် မြင့်မားရေး၊ ဝန်ထမ်းအရည်အသွေး မြင့်မားရေးနှင့် ICT ပညာရပ် ထိရောက်စွာ အသုံးပြုရေးဟူသည့် မူဝါဒ(၄)ရပ် ချမှတ်ပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဌာနများအနေဖြင့် မိမိတို့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်မှုရှိ၊မရှိ ချိန်ထိုးသုံးသပ်ကြည့်ကာ အားနည်းသည်များကို တိုးမြှင့် ဆောင်ရွက်ရန်နှင့် အားသာချက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဌာနတိုင်းတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ထိရောက်တွင်ကျယ်စွာ အသုံးပြုရေးကို အထူးအလေးအနက်ထား ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ပြည်သူ၊ တပ်မတော်နှင့် အစိုးရတို့ ညီညွတ်စွာ ဆောင်ရွက်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တတိယကာလတို ငါးနှစ်စီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်း၊ တတိယ ကာလတို ငါးနှစ်စီမံကိန်းတစ်ခုလုံးကို ကြည့်ပါက နှစ်စဉ် တိုးတက်မှုနှုန်း ၁၀ ရာခိုင်နှုန်းကျော် ရရှိခဲ့ပြီး တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း ၁၂ ဒသမ ၈ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း။

မပြတ်ညှိနှိုင်း

ယခုအခါ စတုတ္ထကာလတိုငါးနှစ် စီမံကိန်းကို ၂၀၀၆-၂၀၀၇ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်တော့မည်ဖြစ်ရာ ပြည်နယ်၊တိုင်း စီမံကိန်းတာဝန်ခံများ အနေဖြင့် စီမံကိန်းရည်မှန်းချက်များကို ကျေညက်စွာ သိရှိနားလည်ရန်လိုအပ်ကြောင်း၊ ရည်မှန်းချက်များအတိုင်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေ ဖော်ထုတ်ရန်နှင့် သက်ဆိုင်ရာဌာနများနှင့် မပြတ်ညှိနှိုင်းဆောင်ရွက်နေရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက မိမိတို့ လုပ်ငန်းဌာနအလိုက် ၂၀၀၆ ခုနှစ် ဧပြီလကုန်အထိ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ကြိုတင်ပြင်ဆင်

ဆက်လက်၍ ပြည်နယ်၊ တိုင်းများမှ စီမံကိန်းဦးစီးမှူးများက မိမိတို့ပြည်နယ်၊ တိုင်းအလိုက် ၂၀၀၅-၂၀၀၆ခုနှစ် စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေများ၊ တတိယကာလတို ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုအခြေအနေများ၊ ၂၀၀၆-၂၀၀၇ ခုနှစ် နှစ်စဉ် စီမံကိန်း ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်မှာကြားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် ပညာသင်စရိတ်နှင့် ဗလာစာအုပ်များပေးအပ်

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်က တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းမိသားစုများ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းမိသားစုများ၏ သားသမီး ၈၀၁ ဦးတို့အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေကျပ်၆၈၃၀၀၀ ကို ကိုယ်စားလှယ်များသို့ လည်းကောင်း၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌရဲချုပ်၏ ဇနီး ဒေါ်ခင်မေစိုး **(အပေါ်ပုံ)** က တန်ဖိုးငွေကျပ် ၁၂၆၄၂၀၀ ရှိ ကျောင်းသုံး ဗလာစာအုပ်များကို အသင်းခွဲအတွင်းရေးမှူးသို့ လည်းကောင်း ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ပေါ်တူဂီနှင့်မက္ကဆီကိုတို့သာ အုပ်စုမှတက်နိုင်မည့် ကမ္ဘာ့ဖလားအုပ်စု (ဃ)၏ အနေအထား

ကမ္ဘာ့ဖလား သတင်းဂယက်

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

ဘာလင် ဇွန် ၃

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(ဃ)၌ အုပ်စုပထမအဖြစ် ရေပန်းစားနေသည်မှာ ပေါ်တူဂီအသင်းဖြစ်သည်။ အုပ်စု(ဃ)၌ ပေါ်တူဂီ၊ မက္ကဆီကို၊ အီရန်နှင့် အင်ဂိုလာအသင်းတို့ပါဝင်ရာ ပေါ်တူဂီနှင့်မက္ကဆီကိုတို့သာ အုပ်စုမှတက်ရန် အလေးသာလျက်ရှိသည်။

ပေါ်တူဂီအသင်းသည် ဥရောပဇုန် အုပ်စု(ဂ)၌ အုပ်စုပထမရပြီး ခြေစစ်ပွဲအောင်လာသည့် အသင်းဖြစ်သည်။ ခြေစစ်ပွဲတစ်လျှောက် ၃၅ ဂိုးသွင်းပြီး ဥရောပ၌ တိုက်စစ်ခြေစွမ်း အမြင့်ဆုံး အသင်းပင်ဖြစ်သည်။

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ပေါ်တူဂီအသင်းနည်းပြ စကိုလာရီ။
(ဓာတ်ပုံ-အင်တာနက်)

အသင်းအင်အားတောင့်တင်း

ပေါ်တူဂီအသင်း၏ အားသာချက်မှာ ခြေစွမ်း ထက်မြက်နေသည့် ခရစ္စတီယာနိုရိုနယ်ဒို၊ ပေါလက်တာ၊ ဒေကိုတို့အပြင် နိုင်ငံတကာပွဲများမှ အနားယူထားသော လူဝစ္စဖီဂိုလည်း ပေါ်တူဂီအသင်း၌ ပြန်လည်ကစားပေးနေ မှုကြောင့် အသင်းအင်အားတောင့်တင်းလျက်ရှိနေသည်။

ပေါ်တူဂီအသင်း မျှော်လင့်ချက်များကို ရှင်သန်စေရန်လမ်းညွှန်ပြသမည့်နည်းပြမှာလည်း၂၀၀၂ခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဘရာဇီးအသင်းကို ချန်ပီယံဖြစ်အောင်ဆောင်ကြဉ်းပေးခဲ့သည့် စကိုလာရီ ဖြစ်နေသည်။ ပေါ်တူဂီနည်းပြ စကိုလာရီသည် နည်းဗျူဟာ၊ နည်းစနစ်၊ အခင်း အကျင်းကောင်းမွန်သူတစ်ဦးဖြစ်ပြီး ဟာကွက်မရှိအောင် ကစားသမားများကို ညွှန်ပြပေးနိုင်သူ တစ်ဦးလည်းဖြစ်သည်။

တောင်ပံတိုက်စစ်မှူး

ယူရို၂၀၀၄ ဗိုလ်လုပွဲ၌ ဂရိအသင်းတို့ မိမိအိမ်ကွင်း၌ ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ပေါ်တူဂီအသင်းအား ငယ်ရွယ်နုပျိုပြီး စွမ်းရည်ထက်မြက်သည့်လူငယ်ဘောလုံးသမားနှင့်ဖွဲ့စည်းကာအကောင်းဆုံးအနေအထားရောက်အောင် စနစ်တကျပြင်ဆင်ထားသည့် နည်းပြစကိုလာရီ၏ ပေါ်တူဂီအသင်းမှာ ကမ္ဘာ့ဖလားအုပ်စု(ဃ)၌ အုပ်စုဗိုလ်ဖြစ်နိုင်မှုများ နေသည်။ ပေါ်တူဂီအသင်း၌ ခြေစွမ်းပြမည့်သူမှာလည်း တက်သစ်စတောင်ပံ တိုက်စစ်မှူး ခရစ္စတီယာနိုရိုနယ်ဒိုဖြစ်ပြီး ခြေစစ်ပွဲများ၌ ပေါ်တူဂီအတွက် တစ်ဦးတည်းခုနစ်ဂိုးသွင်းပေးထားသူလည်းဖြစ်သည်။

ဖီဂိုနှင့် ခရစ္စတီယာရိုနိုနယ်ဒိုတို့၏ ခြေစွမ်းဖြင့် ပေါ်တူဂီတို့ အုပ်စု(ဃ)၌ အုပ်စုဗိုလ်အဖြစ် နောက်တစ်ဆင့်တက်ရန် အလေးသာလျက်ရှိနေသည်။ သို့သော် ပေါ်တူဂီတို့ အဓိကယှဉ်ပြိုင်ရမည့် အသင်းမှာ မက္ကဆီကိုအသင်းပင်ဖြစ်သည်။



စီရိုနယ်ဒို

ပေါ်တူဂီအသင်း၏လူငယ်တောင်ပံ ကစားသမား စီရိုနယ်ဒိုသည်ပေါ်တူဂီ၏ အဓိက ကစားသမား ဖြစ်နေပေပြီ။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလားသမိုင်း အစဉ်အလာအရ မက္ကဆီကိုတို့ ၁၉၇၀နှင့် ၁၉၈၆ ခုနှစ်များ၌ ကွာတားဖိုင်နယ် အဆင့်အထိ ရောက်ရှိခဲ့သည့် ရလဒ်မှာ အမြင့်ဆုံးဖြစ်သည်။ ခြေစစ်ပွဲ၌ ကွန်ကာကက်ဖ်ဇုန်တွင် အုပ်စုဗိုလ်အဖြစ် ခြေစစ်ပွဲ အောင်လာသော မက္ကဆီကိုအသင်းသည် ပြိုင်ဘက် အသင်းကြီးများကို ကောင်းကောင်း အကျပ်အတည်းပေးနိုင်မည့်အသင်း ဖြစ်ရာ နှစ် ၂၀အတွင်း မဖြတ်ကျော်နိုင်ခဲ့သည့် ကမ္ဘာ့ဖလားအုပ်စု ပထမအဆင့်ကို ယခုနှစ်၌ ဖြတ်ကျော်နိုင်ရန် အပြင်းအထန် ကြိုးစားတော့မည့် အသင်းဖြစ်သည်။ ကမ္ဘာ့ထိပ်ဆုံး ၁၀သင်း၌ ပါဝင်နေသော မက္ကဆီကိုအသင်းကို နည်းပြ ရီကာဒိုလာဗော်ပီက ပြင်းထန်သော လေ့ကျင့် ပြင်ဆင်မှုများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်ဖြစ်ရာ ပေါ်တူဂီတို့ ခက်ခက်ခဲခဲ ဖြတ်ကျော်ရမည့်အနေအထားရှိသည်။

ဂိုးသွင်းကောင်းသူတစ်ဦး

မက္ကဆီကိုအသင်းသည် အတွေ့အကြုံ ရင့်သူများနှင့် လူငယ်ကစားသမားများကို အခြေခံဖွဲ့စည်းထားပြီး ကမ္ဘာ့အဆင့်မီတိုက်စစ်မှူး ဘိုဂတ်တီကလည်း ဂိုးသွင်းကောင်းသူတစ်ဦး ဖြစ်ရာ တစ်ဖက်အသင်း ဂိုးပေါက်ကို အချိန်ပြည့် အန္တရာယ်ပေးနိုင်သူလည်း ဖြစ်သည်။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပွဲ၌ ပါဝင်ဆင်နွှဲခဲ့ဖူးသည့် တိုက်စစ်မှူး တစ်ဦးဖြစ်ရာ ကမ္ဘာ့ဖလားပွဲနှင့် မစိမ်းသူဖြစ်သည်။ ခိုင်မာတောင့်တင်းသည့် အသင်းဖြစ်အောင် တည်ဆောက်ထားသော မက္ကဆီကိုတို့ အုပ်စု(ဃ)၌ အုပ်စု ဒုတိယဖြင့် အုပ်စုမှတက်ရောက်နိုင်မည်ဖြစ်သည်။

မက္ကဆီကို နည်းပြ

မက္ကဆီကို နည်းပြ ရီကာဒိုလာဗော်ပီ။

(ဓာတ်ပုံ-အင်တာနက်)

အောင်မြင်မှု

အုပ်စု(ဃ)၌ အာရှဇုန် ခြေစစ်ပွဲ၊ အုပ်စု(ခ)မှ အုပ်စုဒုတိယဖြင့် ခြေစစ်ပွဲအောင်လာသောအသင်းမှာ အီရန်ဖြစ်သည်။ အာရှ၌ အီရန်တို့ ခြေစွမ်းပြနိုင်ပြီး ခြေစစ်ပွဲ အောင်လာသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အောင်မြင်မှု တစ်ခုခုရရှိရန် လိုအပ်ချက်များ ရှိနေဆဲပင်ဖြစ်သည်။ ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလား၌ အီရန်တို့ ဝင်နွှဲဖူးသည့် မှတ်တမ်းသာရှိနေပြီး ပြိုင်ဘက်အသင်းများကို အခက်အခဲဖြစ်အောင် ပြုလုပ်နိုင်သည့် အဆင့်သာရှိနေသည်။

မက္ကဆီကိုအသင်း၏ တိုက်စစ်မှူးဘိုဂတ်တီ ခြေစွမ်းပြနိုင်မည်လား။

အီရန်နည်းပြအဖြစ် ခရိုအေးရှား နိုင်ငံသား ဘရန်ကိုအိုင်ဗန်ကိုဗစ်က မိမိအသင်းသည် ကမ္ဘာ့ဖလားပွဲ၌ ထိုက်တန်သည့် အောင်မြင်မှုတစ်ခုယူပြမည်ဟု ပြောကြားလျက်ရှိရာ အီရန်တို့ကို စောင့်ကြည့်ရမည်ဖြစ်သည်။ သို့သော် အီရန်တို့အုပ်စု(ဃ)၌ အိမ်ဖြည့်သဘောမျိုးသာ ရှိနေရာ ပေါ်တူဂီနှင့် မက္ကဆီကိုတို့ကို ကျော်လွှားပြီး အုပ်စုမှ နောက်တစ်ဆင့်တက်ရန် အခွင့်အရေး ရေးရေးမျှသာရှိနေသဖြင့် အီရန်တို့အုပ်စုအဆင့်ဖြင့်ပင် ကျေနပ်ရမည်ဖြစ်သည်။

ကမ္ဘာ့ဂိုးသွင်း အများဆုံး တိုက်စစ်မှူးများတွင် စာရင်းပေါက်နေသော အီရန်တိုက်စစ်မှူး အလီဒါလီ၊ ဂျာမနီအခြေစိုက်ကလပ်အသင်းများ၌ ကစားနေကြသည့် ဟာရှိမိန်း၊ ကာရီမီ၊ မာဒါဗီကီယာနှင့် ဇန်ဒီတို့ကို အဓိကအားထားပြီး ကစားမည့် အာရှမှ အီရန်တို့အစွမ်းရှိသလောက်ပြိုင်ဘက်အသင်းများကို အကျပ်အတည်းတွေ့စေနိုင်မည့် အနေအထားသာ ရှိနေသည်။

မက္ကဆီကို လက်ရွေးစင်ဘောလုံးအသင်း။

အုပ်စု(ဃ)၌ ကမ္ဘာ့ဖလားလူသစ်တန်း အင်ဂိုလာတို့မှာလည်း အိမ်ဖြည့် အဆင့်သာရှိနေသည်။ ကမ္ဘာ့ဖလား ပထမဆုံးအကြိမ်ဝင်နွှဲခွင့်ရသည်မှာ ပင် အန်ဂိုလာ အသင်းအတွက် ကြီးမားသော အောင်မြင်မှုတစ်ရပ်ဖြစ်နေပြီ ဖြစ်သည်။ အာဖရိကဇုန် ခြေစစ်ပွဲ အုပ်စု(၄)၌ အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အာဖရိကနာမည်ကြီး နိုင်ဂျီးရီးယားကို ဖြုတ်ချနိုင်ခဲ့သော်လည်း လက်ရှိခြေစွမ်းဖြင့် ပေါ်တူဂီနှင့် မက္ကဆီကို အသင်းများကို မယှဉ်နိုင်ပါချေ။

မျှော်လင့်ထား

သမင်နက်များဟု တင်စားခေါ်ဝေါ်ထားသည့် အင်ဂိုလာတို့ ပထမဆုံးကမ္ဘာ့ဖလားပြိုင်ပွဲ၌ အောင်မြင်မှုတစ်ခုခုရယူမည်ဟု နည်းပြ လူဝစ္စအိုလီဗီးရားဂွန်ကာလ်ဗက်စ်က မျှော်လင့်ထားသည်ဖြစ်ရာ အင်ဂိုလာခြေစွမ်းကို စောင့်ကြည့်ရမည်ဖြစ်သည်။ သို့သော် လျင်မြန်မှု၊ အသင်းလိုက် စုစည်းမှုအားကောင်းသည့် အင်ဂိုလာတို့ကံဖေးမမှုကြောင့် ခြေစစ်ပွဲ အောင်လာခြင်းဟူသော ဝေဖန်သံများကို ချေဖျက်ပြီး ကမ္ဘာ့အဆင့်မီ ဘောလုံးအသင်းတစ်သင်းဖြစ်ကြောင်း ပြသနေခြင်းဖြစ်သည်။ အင်ဂိုလာတိုက်စစ်မှူး ဖက်ဘရစ်အကွာမိုင်ရီကိုမှာ ခြေစစ်ပွဲ တစ်လျှောက် တစ်ပွဲနှစ်ဂိုးနှုန်း သွင်းပြီး စံချိန်တင်နေသည့် တိုက်စစ်မှူးဖြစ်ရာ အင်ဂိုလာအသင်း၏ အဓိက ကစားသမားလည်းဖြစ်သည်။

အင်ဂိုလာ၏ တိုက်စစ်မှူး အကွာမိုင်ရီမှာ ဂိုးသွင်းထက်မြက်သူတစ်ဦးဖြစ်သော်လည်း အင်ဂိုလာ ဘောလုံးအသင်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဝါရင့်သမ္ဘာရင့် အသင်းများကို ကျော်လွှားနိုင်မည့် အနေအထား မရှိသည်ဖြစ်ရာ အုပ်စုအဆင့်၌ပင် ကျေနပ်ရမည့် အနေအထားရှိပေသည်။ ။

(အင်တာနက်)

ပေါ်တူဂီလက်ရွေးစင်ဘောလုံးအသင်း။



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော်ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းဝေငှထားသည် —

စိုးမြကျော် ၏
အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန် ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)၊ ရောင်းဈေး ၂၀၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၀၄၄၅၊ ၂၅၉၀၁၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၀၆

ရွန်နေအခြေအနေတိုးတက်မှု နည်းပြအဲရစ်ဆင်အားတက်

ဘာလင် ဇွန် ၃

ဝိန်းရွန်နေသည် ကာရင်တန်ရှိ အင်္ဂလန်အသင်းလေ့ကျင့်ရေးကွင်း၌ အပြေးနှင့် ဘောလုံးပါဆွဲပြေးသည့် လေ့ကျင့်ခန်းပြုလုပ်ရာတွင် ပါဝင်ခဲ့ရာ ကမ္ဘာ့ဖလားကစားနိုင်ရေးတိုက်ပွဲအတွက် အခြေအနေတိုးတက်လာသည်ဟု ဆိုသည်။

အသက် ၂၀ အရွယ်ရှိ ရွန်နေသည် ခြေချောင်းဒဏ်ရာမှ ပြန်ကောင်းနေပြီဖြစ်ရာ ဇွန် ၇ ရက်တွင် ဓာတ်မှန်ရိုက်၍ ပြန်စစ်ဆေးလိမ့်မည်ဖြစ်သည်။

မိမိသည် ရွန်နေအား ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း နည်းပြအဲရစ်ဆင်က ပြောကြားသည်။

သူသည် အမှန်တကယ် ဘောလုံးကစားနိုင်နေပြီဖြစ်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေအရလည်း ကောင်းမွန်နေပြီဖြစ်ကြောင်း၊ ၎င်း၏ ဓာတ်မှန်စစ်ဆေးခြင်းအတွက် ဇွန် ၇ ရက်အထိသာ စောင့်ဖို့လိုလိမ့်မည်ဟုထင်ကြောင်း အဲရစ်ဆင်က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**



အင်္ဂလန်နည်းပြ အဲရစ်ဆင်နှင့် ရွန်နေတို့အား လေ့ကျင့်ရေးကွင်း၌ တွေ့ရစဉ်။

ဘောလက်

ဂျာမနီ ကွင်းလယ် ကစားသမား မိုက်ကယ် ဘောလက်။

ဂျာမနီက ကိုလံဘီယာကို ဂိုးပြတ်နိုင် ကမ္ဘာ့ဖလားအတွက် စိတ်ဓာတ်မြှင့်တင်

ဘာလင် ဇွန် ၃

ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဂျာမနီအသင်းသည် အကြောလျှော့ သွေးပူလေ့ကျင့်ခန်း ချစ်ကြည်ရေးပွဲတွင် ကိုလံဘီယာအသင်းကို သုံးဂိုး-ဂိုးမရှိသွင်းပြီး ကမ္ဘာ့ဖလား မျှော်လင့်ချက်စိတ်ဓာတ်ကို မြှင့်တင်ပေးလိုက်သည်။

ကန်သွင်း

အသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်သည် ပွဲချိန် ၂၁ မိနစ်တွင် ရှဝိန်းစတိုင်ဂါ ဘယ်တောင်ပံမှအလွတ်တည်ကန်သော ကန်ယူစဉ် ကိုလံဘီယာ နောက်တန်းလူ နှစ်ယောက်ကြားမှ ဂိုးသွင်းယူလိုက်သည်။

ဂျာမနီအသင်းက ကိုလံဘီယာအသင်းကို ဖိကစားနေချိန် ၁၆ မိနစ်အကြာတွင် ရှဝိန်းစတိုင်ဂါက အဝေးမှ တစ်ဂိုးလှမ်းထည့်လိုက်သည်။

ဂျာမနီ ကွင်းလယ်ကစားသမား ဘိုရောစကီးက ပွဲချိန် ၆၅ မိနစ်တွင် အဝေးမှ တစ်ဂိုး လှမ်းသွင်းလိုက်ပြန်သည်။

ခံစစ်

ဂျာမနီအသင်းသည် ကိုလံဘီယာအသင်း၏ ချေပဂိုးတစ်ဂိုးမျှ ပြန်မပေးရရေးအတွက် ခံစစ်အားသာမှုကိုလည်း ဘောလုံးပရိသတ်အား ပြသလိုက်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးမှ ခေါ်ယူထားသော နိုင်ဂျီးရီးယား ကစားသမား မီခေးလ်။

နိုင်ဂျီးရီးယားဘောလုံးသမား ချယ်လ်ဆီးက ပေါင် ၁၆သန်းဖြင့်ခေါ်ယူ

လန်ဒန် ဇွန် ၃

ပရီမီယာရှစ်ချန်ပီယံ ချယ်လ်ဆီးက နိုင်ဂျီးရီးယားလူငယ် တိုက်စစ်မှူး ဂျွန်အိုဘီမီခေးလ်အား ခေါ်ယူရန် သဘောတူညီလိုက်ပြီ ဖြစ်သည်။

ချယ်လ်ဆီးအသင်းက မီခေးလ်အတွက် ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၁၆ သန်း ပေးလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးကပေးမည့် ပေါင် ၁၆ သန်းတွင် မန်ယူကို ပေါင် ၁၂ သန်းနှင့် နော်ဝေကလပ် လင်းအော့စလိုအတွက် ပေါင် လေးသန်း နှစ်ရပ်ပေါင်းထားခြင်းဖြစ်သည်။

မန်ယူက အဆိုပါ ကစားသမားအား ၂၀၀၅ ခုနှစ် ဧပြီလက အော့စလိုမှ ခေါ်ယူရန် သဘောတူညီခဲ့သည်။ **(အင်တာနက်)**

အီတလီနှင့်ယူကရိန်း ချစ်ကြည်ရေးပွဲ သရေကျ

ဘာလင် ဇွန် ၃

ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် အုပ်စု(င)မှ အီတလီအသင်းသည် ကမ္ဘာ့ဖလားအကြို သွေးပူလေ့ကျင့်ခန်း ခြေစမ်းပွဲအဖြစ် ယူကရိန်းအသင်းနှင့်ယှဉ်ပြိုင်ကစားရာတွင် ဂိုးမရှိသရေကျပြီး အီတလီက ၁၈ ပွဲမြောက် ရှုံးပွဲမရှိစံချိန်ကို ထိန်းထားသည်။

အီတလီအသင်းသည် ယခုနှစ် စောစောပိုင်းက နယ်သာလန်အသင်းနှင့် ဂျာမနီအသင်းတို့ကို အနိုင်ရခဲ့သော်လည်း လှုံ့ဆော်အားပေးမှု မရှိသဖြင့် စိုးရိမ်ပူပန်နေကြသည်။

ယူကရိန်းအသင်းသည် ယင်း၏ ကမ္ဘာ့ဖလားပရိသတ်အတွက် တစ်ခုခုကို လုပ်ပြလိမ့်မည်ဖြစ်သည်။ ယင်းတို့သည် ပွဲအများဆုံးကို ကာကွယ်ကစားသွားလိမ့်မည်ဟု ယုံကြည်ရသည်။ **(အင်တာနက်)**

အီတလီနှင့် ယူကရိန်း ချစ်ကြည်ရေးပွဲအဖြစ်၌သို့ အကြိတ် အနယ်။

ခရော့ချ်နှင့် အိုဝင် ချစ်ကြည်ရေးပွဲဖြင့် စတင်

ဘာလင် ဇွန် ၃

အင်္ဂလန်နည်းပြ အဲရစ်ဆင်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ၄-၄-၂ စနစ်ဖြင့် ကစားလိမ့်မည်ဖြစ်ကြောင်း ချစ်ကြည်ရေးပွဲများက အရိပ်အမြွက်အဖြစ် ထုတ်ဖော်ပြသလိုက်သည်။

ပီတာခရော့ချ်သည် ဟန်ဂေရီနှင့်ပွဲတွင် လူစားဝင်လာပြီး တစ်ဂိုးသွင်းယူပြနိုင်ခဲ့သည်။ တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ဂျမေကာနှင့်ပွဲတွင် စတင် ပွဲထွက်လာသည်။

မိမိတို့အသင်းသည် ယခင်ချစ်ကြည်ရေးပွဲများထက် ပိုကောင်းအောင် ကစားပြမည်ဖြစ်ကြောင်း အဲရစ်ဆင်က ပြောသည်။

ဂယ်ရီနဗီးလ်သည် တံကောက်ကြော နာကျင်မှုပြသနာကြောင့် ကမ္ဘာ့ဖလားနှင့် လွဲဖွယ်ရှိသည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ မြင့်မောင်စိုး

တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲများကျင်းပမည်

ရန်ကုန် ဇွန် ၃

၂၀၀၆ခုနှစ် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲများကို ကျင်းပပေးမည်ဖြစ်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံ အဆင့်ပြိုင်ပွဲများကို စက်တင်ဘာ၉ရက် နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်နှင့်အထက်တန်းအဆင့်ပြိုင်ပွဲများကို စက်တင်ဘာ၁၀ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိလည်းကောင်း သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများ၌အသီးသီး ကျင်းပမည်ဖြစ်သည်။

လေ့လာထားရန်စာအုပ်များမှာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများအတွက် တပ်မတော်မော်ကွန်းတိုက်နှင့် စစ်သမိုင်းပြတိုက်မှထုတ်ဝေသော တပ်မတော်သမိုင်း ပထမတွဲမှ အဋ္ဌမတွဲအထိ၊ ဟံသာဝတီ ဦးဘရင် ရေးသားသော **"အနော်ရထာ"**၊ သတင်းစာဆရာ ဦးသိမ်းမောင် ရေးသားသော **"မြန်မာသူရဲကောင်း"**၊ အမျိုးသားပညာဝန်ဦးဖိုးကျား ရေးသားသော **"မြန်မာ့ဂုဏ်ရည်"** စာအုပ်များ ဖြစ်သည်။ အလယ်တန်းအဆင့်အတွက် တပ်မတော်သမိုင်း ပထမတွဲမှ ဆဋ္ဌမတွဲအထိနှင့် အထက်တန်းအဆင့်အတွက် တပ်မတော်သမိုင်း ပထမတွဲမှ အဋ္ဌမတွဲအထိဖြစ်ပြီး ဖြေဆိုလိုသော ကျောင်းသား ကျောင်းသူများသည် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများသို့ သတင်းပို့ဖြေဆိုကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် ကျောက်မြောင်း အရှေ့ရပ်ကွက် ဥယျာဉ်မှူး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ဟောပြောပွဲကို မေ၃၁ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ခင်သန်းနှင့်ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

စစ်တွေမြို့နယ်၊ အမြင့်ကျွန်းကျေးရွာနေ
(ဦးအောင်စိန်လှ)-ဒေါ်လှဦးတို့၏သား
ဗိုလ်ကြီးသန်းဝင်း B.A (History)
နှင့်
ပေါက်တောမြို့၊ ရပ်ကွက်(၃)နေ
ဦးစောထွန်းစိန်(တရားရုံးချုပ်ရှေ့နေ)-ဒေါ်သိန်းမြတို့၏သမီး
မခင်ဆွေမြင့်(ခ)ဆွေဆွေ (1st Year, Geography)
တို့၏ ၃-၆-၂၀၀၆ရက် မင်္ဂလာဧည့်ခံပွဲသို့ ချီးမြှင့်အားပေးကြသော လူကြီးမင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသန်းဝင်း-မခင်ဆွေမြင့်။

စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေး ဌာနဆိုင်ရာအချင်းချင်းပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ၂၉ရက် နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး ခရိုင်နှင့်မြို့နယ်ဥက္ကဋ္ဌများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခရိုင်နှင့်မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဒေသဝမ်းစာဖူလုံရေး ဆောင်ရွက်မှုများနှင့် ခြစ်ည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် အစည်းအဝေးကို မေ၃၀ရက် နံနက်ရနာရီတွင် ဆက်လက်ကျင်းပရာ တိုင်းမှူးက လိုအပ်သည်များဖြည့်စွက်မှာကြားပြီး ၂၀၀၆-၂၀၀၇ခုနှစ် စီမံကိန်းရည်မှန်းချက်တာဝန်များကို ဌာနဆိုင်ရာများနှင့် ခရိုင်ဥက္ကဋ္ဌများထံပေးအပ်ပြီး သတ်မှတ်ထားသည့် စီမံကိန်းရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဌာနဆိုင်ရာအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၅) ဇလမ်း သီရိမွန်အိမ်ရာ မရမ်းကုန်းမြို့နယ်နေ ဒေါက်တာဦးလှမြင့်-ဒေါ်မြမြဝင်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

မိုးကုတ် စိန်ပန်း တရားစခန်းပွဲ

ရန်ကုန် ဇွန် ၃

ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၄ရပ်ကွက် မြနန္ဒာအိမ်ရာ မြနန္ဒာ(၅)လမ်းထိပ်ရှိ မိုးကုတ်ဝိပဿနာ ဝိသုဒ္ဓါရာမ စိန်ပန်းကျောင်းတိုက်ကြီး၏ တတိယအကြိမ်မြောက် တရားစခန်းပွဲကို ဇွန်၁၀ရက်မှ ၁၈ရက်အထိ အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဦးဓမ္မသာရ ဆရာတော်ကြီးနှင့် စိန်ပန်းဆရာတော် သံဃာတော်များက ကျေးဇူးတော်အရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏မူအတိုင်း ပဋိစ္စသမုပ္ပါဒ် သင်တန်းတရားအလုပ်ပေးခန္ဓာဉာဏ်အသိမင်္ဂနှင့်ကိုက်အောင် ဟောကြားမည်ဖြစ်ရာ ဆွမ်းစရိတ်ဝင်ကြေး အခမဲ့ဖြင့် ဖုန်း-၆၈၃၅၉၀သို့ ဆက်သွယ်စုံစမ်း တရားစခန်းဝင်နိုင်ကြောင်းသိရသည်။ **(၀၄၆)**

ကျေးရွာချင်းဆက် မြေသားလမ်း မြေညှိခြင်းလုပ်ငန်းစုပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၃

မင်္ဂလာဒုံတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ စစ်သည်များ၊ မင်္ဂလာဒုံတပ်မြို့စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ၊မင်္ဂလာဒုံမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများမှ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား၆၀၀ကျော်တို့သည် အရှည်သုံးမိုင်ရှိ မင်္ဂလာဒုံမြို့နယ် ကြူစမ်းကျေးရွာနှင့်တောတိုက်ကျေးရွာ ကျေးရွာချင်းဆက်မြေသားလမ်းအား လမ်းဘေး ချုံနွယ်များ ရှင်းလင်းခြင်း၊ လမ်းပခုံးသားမြှင့်တင်ခြင်း၊လမ်းမျက်နှာပြင်မြေညှိခြင်း လုပ်ငန်းများကို ယနေ့နံနက် ၇နာရီမှ ၁၀နာရီအထိ စုပေါင်းဆောင်ရွက်ကြရာ မင်္ဂလာဒုံတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းနောင်နှင့်တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊
တိုက်အမှတ် ၁၂၈၊ အခန်း ၅ နေ
ဦးအောင်တင်(စာရင်းစစ်မှူး၊ ငြိမ်း၊ အလုံမြို့နယ်စာရင်းရုံး)-ဒေါ်မြမြ
တို့၏သား
မောင်တင်ကိုအောင် B.Sc (Zoology)
2nd Mate (F.G)
3rd Officer (Uniteam Marine Limited)
နှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊
မစိုးရိမ်လမ်းသွယ်-၂၊ အမှတ် ၉ နေ
(ဦးမောင်ကို၊ မန္တလေးမြို့ ရေပေးရေးစီမံကိန်းဒါရိုက်တာ၊ ငြိမ်း)-
(ဒေါ်ခင်အုံးတင့်)တို့၏သမီး
မသန္တာကို B.A (Geography)
Sales Assistant, ITOCHU Corporation

တို့အား ၂၃-၅-၂၀၀၆ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီး အန်ကယ် ဦးခင်မြင့်နှင့်ဇနီး အန်တီဒေါ်အေးခိုင်၊ ၃-၆-၂၀၀၆ရက်တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြုငွေကျောင်းတော်ကြီးတွင်ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဦးအေးမူ(မြန်မာ့မီးရထား၊ အကြံပေးပုဂ္ဂိုလ်)နှင့်ဇနီး ဒေါ်သင်းသင်း(ဒုတိယစာရင်းစစ်ချုပ်)၊ ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)နာယကလူကြီးများနှင့် အလုပ်အမှုဆောင်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာ ဆင်မြန်းပေးသော မစန္ဒာ(ပတ္တမြားမိုမို) လက်ဝတ်ရတနာရောင်းဝယ်ရေးအားလည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်တင်ကိုအောင်-မသန္တာကို။

လက်ထပ်ပြီးစီးခြင်း

အမှတ် ၃၁၊ ဇေယျသိဒ္ဓိ ၂လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးကြည်ထွေး-ဒေါ်ခင်နွဲ့တို့၏သား **ဖိုးခွား(ခ)မောင်သူရ** ၁၂/လမန(နိုင်)၁၃၄၄၀၂နှင့် အမှတ်၄၃၊ ဇေယျမင်္ဂလာ၂လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးလွင်ဦး-ဒေါ်မိုးရွှေတို့၏သမီး **မခိုင်ခိုင်လွင်** ၁၂/လမန(နိုင်)၁၃၄၀၂၆တို့သည် ၁၆-၅-၂၀၀၆ရက်တွင် မှော်ဘီမြို့နယ် ဒုတိယမြို့နယ်တရားသူကြီး(၂) ဦးဇော်တင်(တ/၂၈၀၅)ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။ **မောင်သူရ-မခိုင်ခိုင်လွင်။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဝေဇယန္တာအနောက် ၁၃လမ်း၊ အမှတ် ၅၉၇နေ ဦးလှမြိုင်-ဒေါ်တင်ဝင်းတို့၏သား မောင်သက်အောင်ဦး(ခ)ကိုသက် ၁၂/သကတ(နိုင်)၁၅၆၇၀၅သည် မိဘနှစ်ပါး သဘောမတူသည့်ကိစ္စကိုပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးလှမြိုင်-ဒေါ်တင်ဝင်း။

ဇွန်၂ရက်က တာမွေမြို့နယ် အထက(၅)ကျောင်းဝင်းအတွင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ကြည်နှင့်ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများစုပေါင်း၍ ခြစ်ည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြစဉ်။ (၁၁၅)

တန်ဖိုးရှိလှ
လူငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှ

ဖခင်အမည်မှန်

မလှလှဝင်း (ဥပဒေအထူးပြု၊ ဒဂုံအဝေးသင်တက္ကသိုလ်)၊ မလှလှစိန် (တက္ကသိုလ်ဝင်တန်း၊ ဖြေထားဆဲ၊ စာစစ်ဌာန၊ အထက-၄၊ ဒဂုံမြောက်ပိုင်း)၊ မောင်မောင်တင်(နဝမတန်း၊ အထက-၂၊ဒဂုံ/အရှေ့)၊မောင်မောင်ပြည့်(အဋ္ဌမတန်း-ဘီ၊ အလက-၂၊ ဒဂုံမြောက်)တို့၏ ဖခင်အမည်မှန်မှာ ဦးလှမောင် ၇/ပခန(နိုင်)၁၈၈၀၄၉ ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မသင်းနန္ဒာဝင်း၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်-၅၄၇၈၀၆ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ **ဖုန်း-(အိမ်)-၅၄၈၂၁၀။**



နှင်းမမီ (ရင်သွေးရတနာရိပ်မြုံ)
(၂)နှစ် မှ (၅)နှစ်အထိ

- * မိမိရင်သွေးငယ်များအား ယဉ်ကျေးလိမ္မာအောင်မြင်တိုးတက်မှုရလာသည့်အထိ မိဘရင်နှစ်မခြား ကြိုးစား၍ ထိန်းသိမ်းစောင့်ရှောက်ပေးမည်။
- * တစ်လတစ်ကြိမ် **ဆရာဝန်ကြီးများနှင့်** စမ်းသပ်ကြည့်ရှုပေးသည်။
- * ရင်သွေးငယ်ကလေးများအား တစ်ခုတည်းသော **နှင်းမမီ** မှ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါသည်။ **(ကျောင်းပို့/ကျောင်းကြိုရှိသည်။)**

ခြံအမှတ် ၉(ဘီ)၊ H3၊ နဝဒေးလမ်း၊ ဒဂုံ အထက(၁)ကျောင်းအနီး၊
:253456,383405

ဖလမ်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ ကျောင်းသုံးဗလာစာအုပ်နှင့် အလှူငွေပေးအပ်လှူဒါန်း

ဖလမ်း မေ ၃၁

ချင်းပြည်နယ် ဖလမ်းမြို့နယ်လုံးကျွတ် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမဆောင်၌ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဒွေးအောင် တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူးဦးတီလ်သောင်က အမှာစကားပြောကြားပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်က လှူဒါန်းသော ဗလာစာအုပ်များကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဒွေးအောင်ကလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနက လှူဒါန်းသော ကျောင်းသုံးစာအုပ်များကို ခရိုင်အုပ်ချုပ်ရေးမှူးဦးအုန်းမောင်စည်က မြို့နယ်ပညာရေးမှူးဦးတီလ်သောင်ထံလည်းကောင်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကျောင်းသုံးဗလာစာအုပ်များကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်သီတာကျော်က အမှတ်(၁)ကျောင်းအုပ်ဦးမြင့်ဇော်ထံလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ကလှူဒါန်း သော ကျောင်းသုံးဗလာစာအုပ်နှင့် ငွေကျပ် ၃၀၀၀ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦးက အမှတ်(၂) ကျောင်းအုပ်ဦးဘွဲကျုံးနုံထံလည်းကောင်း၊ ဦးဟွတ်အဲရုံက ငွေကျပ် ၅၀၀၀ကို မြို့နယ်ပညာရေးမှူး ဦးတီလ်သောင်ထံလည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ဖလမ်းသင်ထောက်ကူပစ္စည်း ရန်ပုံငွေအတွက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်အောင်က အလှူငွေကျပ် ၅၀၀၀၀ ကို ကျောင်းအုပ် ဦးကော်လျန်ထန်ထံလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

တိုင်းအဆင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး နည်းပညာပေးဟောပြောပွဲ ဖျူးမြို့၌ကျင်းပ

ဖြူး မေ ၂၅

ပဲခူးတိုင်း ဖြူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးမှူးကျင်းပသော တိုင်းအဆင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနည်းပညာပေး ဟောပြောပွဲအခမ်းအနားကို မေ ၁၆ရက် နံနက် ၁၀ နာရီက ဖြူးမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့်အဖွဲ့ဝင်များ၊ ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယ မန်နေဂျာ ဦးကျော်မြင့်နှင့် မြေအသုံးချရေး၊ ပိုးမွှား၊ မျိုးစေ့တာဝန်ခံများ၊ ကျေးရွာအုပ်စု ၆၂ အုပ်စုမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဟောပြောပြသ

နည်းပညာပေး ဟောပြောပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က အမှာစကားပြောကြားပြီး တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယမန်နေဂျာ ဦးကျော်မြင့်က ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရေးနည်းပညာများကို အသေးစိတ်ရှင်းလင်း ဟောပြောပြသသည်။ **(အပေါ်ပုံ)(၂၈၄)**

အမှတ်(၆)သကြားစက် ရေတာရှည် မြန်မာ့ကြံလုပ်ငန်း(၁၂)နှစ်မြောက် အထိမ်းအမှတ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို မေ ၂၅ ရက်က သကြားစက်စိုက်ကွင်းတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ငြိမ်းနှင့် စက်ရုံမှူး ဦးအောင်နိုင်တို့က ကြက်ဆူပင်များ စိုက်ပျိုးပေးကြစဉ်။ (က-ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လဆန်း ၁၀ ရက်

၅-၆-၂၀၀၆(တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ငွေပင်လယ်အဆင့်မြင့် ငါးပုစွန် ရောင်းဝယ်ရေးဇုန်အကြောင်း)

၁၁း၄၀ သုတစုံစွာသိမှတ်စရာ (ကျားထက်ဆိုးတဲ့ယင်ကောင်- သိပ္ပံမှူးတင်)

၁၂း၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ

၁၂း၂၅ အားကစားသတင်းပဒေသာ

၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) မိုးဘွဲ့(ပတ်ပျိုး) (ကျုံမငေး-အုန်းကျော်)
(၂) အောင်မြေမြမန်း(ပတ်ပျိုး) (ပပမြိုင်)

ညနေပိုင်း

၁၆း၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) ပြောင်းလဲလာသောရွာကလေး
(၂) ကန်သင်းဆယ်မှာလား
(၃) အဘိုးရဲ့လယ်စောင့်တဲ

၁၆း၃၀ ဟောပြောချက် (စာသင်ကျောင်းတို့က ကျေးဇူးတင်မည့် မိဘတစ်ဦးဟူသည်) (ဒေါက်တာမြင့်လွင်-စိတ်ပညာ)

၁၇း၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ

၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ကြွပ်ကြွပ်အိတ်နှင့်ပတ်ဝန်းကျင်- ဒေါက်တာမြင့်သန်း-ညောင်လေးပင်)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) Better English

၁၉း၁၅ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း (အဆို၊အက၊ အရေး၊အတီးဆုရ ရန်ကုန်တိုင်းမှ ဦးရဲလင်းဗိုလ်ဆိုင်းအဖွဲ့)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မေတ္တာကွက်လပ်တစ်နေရာ
(၂) ချစ်တာတစ်ခုတည်း
(၃) အဝေးရောက်ကြင်နာသူ

ခရမ်းမြို့နယ် ပန်းခြံရှေ့ ကျောက်တိုင်လမ်းနှင့် ဘုရားလမ်းဘေးဝဲယာချုံနွယ်မြက်များကို မေ ၂၈ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရှင်းလင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး ပန်းချီပြိုင်ပွဲ တာမူးမြို့၌ကျင်းပ

တမူး မေ ၂၀

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်နေ့ ခရိုင်အဆင့်ပန်းချီပြိုင်ပွဲကို မေ ၁၂ ရက် နံနက် ၁၀ နာရီက တမူးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အသက်၁၀နှစ်အောက်၊ အသက်၁၀နှစ်မှ ၁၅နှစ်၊ အသက်၁၅နှစ်မှ ၂၀နှစ်၊ အသက် ၂၀နှစ်အထက်(အလွတ်တန်း)အဆင့် လေးဆင့်ဖွဲ့၍ ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပေါင်မြို့နယ် မုတ္တမ အထက သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများအတွက် ငွေပဒေသာပင် စိုက်ထူရန် ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ၁၀ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းမြက အလှူငွေကျပ်သိန်း ၂၀ ကို မုတ္တမ အထကကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၂၆၀)

လမ်းပေါက်ဖာထေး

မောင်တောမြို့ ဦးဥတ္တမလမ်း တိုးတက် ကောင်းမွန်ရေးအတွက် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို မေ ၁၁ ရက်က အမှုဆောင်အရာရှိ ဦးဘမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကြံခင်းရေဘေးသင့်မိသားစုများအတွက် အလှူငွေပေးအပ်

ကြံခင်း မေ ၃၁

ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့နယ်၌ ရေဘေးသင့် မိသားစုများ အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၇ ရက်က ဧရာဦးခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့နေ ဦးသတိုးဟိန်း-ဒေါ်ခိုင်မာလာ မြန်မာ့ဩဘာ လုပ်ငန်းစုမိသားစုက အလှူငွေ ကျပ် ၁၀ သိန်းကို အလှူရှင်မိသားစု ကိုယ်စား ဟင်္သာတ လုပ်ငန်းစု ကိုယ်စားလှယ် ဦးမြတ်စိုးကလည်းကောင်း၊ ရှိုင်းဟုတ် ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့ ကိုယ်စား ဦးဝင်းရီက အလှူငွေကျပ် တစ်သိန်းကိုလည်းကောင်း ပေး အပ် လှူ ဒါန်း ရာ မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ ဖြိုး ရေး ကောင်စီဥက္ကဋ္ဌ ဦးပုက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။ (၀၈၀)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ တီးတိန်၌ကျင်းပ

တီးတိန် မေ ၂၆

ချင်းပြည်နယ် တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်းတွင် မေ ၁၆ ရက် နံနက် ၈နာရီက ခြံစည်းရိုး ကြက်ဆူပင်စပေါင်းစိုက်ပျိုးပွဲ ကျင်းပသည်။

အခမ်းအနားတွင် ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဒွေးအောင်၊ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဦးကျော်ဆင့်၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာဦးဟွက်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများတက်ရောက်ကြသည်။

အဆိုပါစိုက်ပျိုးပွဲတွင် ပြည်သူ ၅၀၀ကျော်က ခြံစည်းရိုးကြက်ဆူပင်ပေါင်း ၂၀၀၀၀ကျော်ကို စပေါင်းစိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား လက်ဝှေ့ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကောလင်း၌ကျင်းပ

ကောလင်း မေ ၂၅

စစ်ကိုင်းတိုင်း ကောလင်းမြို့ မိုးလုံလေလုံအားကစားရုံတွင် မေ ၁၉ ရက်က တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်အလိုက် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကိုကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအောင်ကြွယ်၊ ဗိုလ်မှူးမင်းလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်၊ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ် ၁၁ မြို့နယ်မှပြိုင်ပွဲဝင် အားကစားသမား ၅၄ ဦး တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် နယ်မြေခံ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အောင်ကြွယ်က ပထမဆုရ ကောလင်းမြို့နယ်အသင်းအား ဆုဖလားချီးမြှင့်ပြီး ပထမဆုငွေသား ကျပ်သုံးသောင်းကို ဗိုလ်မှူးမင်းလွင်ကလည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုကို တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်က ကျပ်တစ်သောင်းစီကိုလည်းကောင်း၊ အတန်းအစားအလိုက်၊ ကီလိုတန်းအလိုက် တစ်ဦးချင်း ပထမ၊ ဒုတိယဆုများကို မြို့နယ်ဌာနဆိုင်ရာများနှင့်မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆွေဝင်းတို့က ချီးမြှင့်ကြသည်။ **(၀၂၆)**

ပင်လုံမြို့ ခြံစည်းရိုး ကြက်ဆူပျိုးဥယျာဉ်၌ တာဝန်ခံဦးစီးအရာရှိဦးသစ်ထူးမြင့်နှင့် ဝန်ထမ်းများ မေ ၂၅ ရက်က ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးပင်ပေါက်များ ပျိုးထောင်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

စွယ်တော်ဦးစာကြည့်တိုက်သို့ ငွေနှင့် စာအုပ်လှူဒါန်း

ပုဏ္ဏားကျွန်း မေ ၁၅

ပုဏ္ဏားကျွန်းမြို့နယ် ဦးချဉ်စွယ်ကျေးရွာ စွယ်တော်ဦးစာကြည့်တိုက် အဆောက်အအုံနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်ကျော်ဦးနှင့်ဦးချဉ်စွယ်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထွန်းအောင်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရသေ့တောင်မြို့ဖွံ့ဖြိုးရေးဘဏ်မှ ဦးအောင်ကျော်သန်းက အလှူငွေကျပ် ၃၀၀၀၀ နှင့် အလှူရှင်များက စာအုပ်မျိုးစုံအုပ် ၂၅၀ ကို ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

သာယာဝတီ မေ ၃၁

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ မေ ၂၅ ရက်က ခြံစည်းရိုးကြက်ဆူပင် ၁၈၀၀ ကို ဆရာစံပန်းခြံဝင်းအတွင်းရှိ ခြံစည်းရိုးများနှင့် ကန်ပေါင်အနီး မြေလွတ်မြေရိုင်းများတွင် စုပေါင်း၍ စိုက်ပျိုးကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းနိုင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(မြို့နယ် စည်ပင်)

ရေကြည်မြို့၌ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

ရေကြည် မေ ၂၅

ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေးပွဲကို မေ ၂၂ ရက် နံနက် ၁၀ နာရီက ရေကြည်မြို့နယ် ကိုင်းချောင်ကျေးရွာအုပ်စု တမံကြီးကျေးရွာ (တံခွန်-၅) စာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြစီက စာကြည့်တိုက်အရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးသိန်းက အနာကြီးရောဂါနှင့် တီဘီရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က မဂ္ဂဇင်းမျိုးစုံ အုပ် ၄၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ယဉ်ကျေးမှုစာမေးပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် မေ ၂၈

(၂၃)ကြိမ်မြောက် ယဉ်ကျေးမှုစာမေးပွဲကို မေ ၂၆ ရက် မွန်းတည့် ၁၂ နာရီက တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ စာမေးပွဲတွင် ဗဟိုတောင်တန်းသာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရေဝတ အမှူးပြုသော ကြီးကြပ်ရေးဆရာတော်များ၊ မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးအရာရှိဦးဘိုဆန်း၊ အခြေခံပညာအထက်တန်းကျောင်း (ဆန်ဆိုင်း) ကျောင်းအုပ်ဆရာကြီး ဦးအတူးနှင့် ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမင်းဇော်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ (စီမံ/စည်းကမ်းအဖွဲ့ ငယ်)အဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးစုနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

စာမေးပွဲသို့ တာချီလိတ်မြို့ပေါ်ကျောင်းတိုက်များမှ သာမဏေ ၂၄ ပါး၊ တာချီလိတ် မြို့ပေါ်အခြေခံကျောင်းများမှ ကျောင်းသား ၇၂ ဦး၊ ကျောင်းသူ ၅၇ ဦး ဝင်ရောက်ဖြေဆိုကြသည်။ **(အပေါ်ပုံ)** **(၄၂၀)**

ကလေးဝ၌ ကျန်းမာရေးလုပ်သားသင်တန်းဆင်း

ကလေးဝ မေ ၁

ကလေးဝမြို့နယ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးလုပ်သားသင်တန်း (၁/၂၀၀၆)ဆင်းပွဲ အခမ်းအနားကို ဧပြီ ၅ရက်က မြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဆရာဝန် ဒေါက်တာ တင့်ရွှန်းက သင်တန်းသား ၂၀ အားသင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

သန်လျင်မြို့၌ ကူးစက်ရောဂါကာကွယ်တားဆီးရေးစီမံချက် ဆောင်ရွက်ပြီးမြောက်မှု အလုပ်ရုံဆွေးနွေး

သန်လျင် ဇွန် ၁

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနှင့် GFATM ကမ္ဘာ့ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်(စ်) ကူးစက်ရောဂါ ကာကွယ်တားဆီးရေး စီမံချက်သုံးလ ဆောင်ရွက်ပြီးမြောက်မှု အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီက သန်လျင်ပြည်သူ့ဆေးရုံခန်းမဆောင်၌ ကျင်းပသည်။

အမှာစကားပြော

အခမ်းအနားတွင် ကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌ ဦးမြင့်စိန် **(အောက်ပုံ)**နှင့် မြို့နယ် စီမံချက်ပံ့ပိုးရေးအရာရှိ ဦးတင်ထွဋ်တို့က အမှာစကားပြောကြားကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အောင်ဆန်းလမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဧပြီ ၇ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးသက်ထွန်းက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အမရပူရမြို့၌ ရေအားလျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်

မြစ်ငယ် မေ ၃၁

သမဝါယမ ဝန်ကြီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်အရ မန္တလေးတိုင်း အမရပူရမြို့နယ် မကျီးကိုင်းကျေးရွာအုပ်စု လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း(လီမိတက်) ဒါရိုက်တာအဖွဲ့က ကြီးမှူးဆောင်ရွက်သည့် ရွှေပေါက်ပင်ကျေးရွာ ရေအားလျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာရှိ သာသနဝေပုလ္လဘုန်းတော်ကြီးကျောင်းအနီး သဘာဝရေ စီးဆင်းသောနေရာ၌ကျင်းပရာ မန္တလေးတိုင်းသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြူ တက်ရောက်၍ လျှပ်စစ်မိန်းခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်မြင့်ဝင်းကြည်က ရေအားလျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်လုပ်ကိုင်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းတာဝန်ခံ ဦးသိန်းနိုင်က ရေအားလျှပ်စစ် လည်ပတ်မှုကို ရှင်းလင်း တင်ပြသည်။

မီးလင်းနိုင်မည်

အဆိုပါလျှပ်စစ်မီးလင်းရေးလုပ်ငန်းသည် ၁၂ ရာသီ ကာလပတ်လုံး လည်ပတ်နိုင်မည်ဖြစ်ပြီး ကျေးရွာတစ်ရွာလုံးအတွက် ၂၄ နာရီ မီးလင်းနိုင်မည်ဖြစ်သည်။ **(၂၀၉)**

ဇီဝလောင်စာဆီအဖြစ်အသုံးပြုနိုင်သည့် ခြစည်းရိုးကြက်ဆူပင်များတိုးချဲ့စိုက်ပျိုး ကမ္ဘာ့ ဈေးကွက်တွင် ဈေးကောင်းရနေသည့် ရော်ဘာပင်ကိုလည်း ထည့်သွင်းစိုက်ပျိုးလုပ်ကိုင်

ရန်ကုန် ဇွန် ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လှော်ကားရေဝေရေလဲကျွန်းစိုက်ခင်း၌ ကျင်းပသည့် ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက်ရနာရီခွဲတွင် အဆိုပါစိုက်ခင်းသို့ရောက်ရှိလာပြီး သတ်မှတ်နေရာ၌ ခြစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။ **စာမျက်နှာ ၇ ကော်လံ ၅** ❐

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇွန် ၄ရက်)၌နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မင်္ဂလာဒုံမြို့နယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လှော်ကားရေဝေရေလဲ ကျွန်းစိုက်ခင်း၌ ခြစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

သဲကန္တာရတားဆီးရေး ခြောက်သွေ့မြေများ ထိန်းသိမ်းပေး

ခြောက်သွေ့မြေများ ဖြစ်ပေါ်နေသော အာဖရိကတိုက်၏ တစ်နေရာကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

ရန်ကုန် ဇွန် ၃

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့ဒေသအားလုံးတွင် သဲကန္တာရများ တစ်စတစ်စ ကျယ်ပြန့်လာလျက်ရှိသည်။

ဤသို့ သဲကန္တာရများ ကျယ်ပြန့်လာမှုများကြောင့် ကမ္ဘာ့ဒေသအားလုံးရှိ နိုင်ငံအများအပြားသည် အဓိကအားဖြင့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ဖွယ်ရာများဖြစ်လာမှုကြောင့် သဲကန္တာရများ တစ်စတစ်စဖြစ်လာခြင်းကို သတိပြုမိလာကြသည်။

သဘောတူညီ

၁၉၉၇ခုနှစ်တွင် ကုလသမဂ္ဂ သဲကန္တာရဆိုင်ရာ ကွန်ဖရင့်(UNCOD)က သဲကန္တာရတိုက်ဖျက်ရေး အစီအစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ရန် သဘောတူညီခဲ့သည်။ **စာမျက်နှာ ၇ ကော်လံ ၁** ■

တင်ပြသူ-မြင့်မောင်စိုး
ဓာတ်ပုံ-အင်တာနက်

ပါတီသည် အမျိုးသားရေးကိုပန်းပြုပြီး နိုင်ငံတော်ပျက်စီးစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် အဖျက်သဘောဆောင်သည့်လုပ်ရပ်များ လုပ်ဆောင် NLD ပါတီ၏ တစ်ဖွတ်ထိုး၊ တဇောက်ကန်းလုပ်ရပ်များကို ငြီးငွေ့သဖြင့် ပါတီဝင် ၆၁ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၃

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ် အလုပ်အမှုဆောင် ဦးဖော်ဂျူးဂေါင်လီနှင့် ဦးမြင့်သိန်းတို့အပါအဝင် ပါတီဝင် ၆၁ ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့အကြောင်းကြားခဲ့သည်။

ထို့နောက် အဆိုပါ မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်သူ ပါတီဝင် ၆၁ ဦးတို့သည် ၎င်းတို့နုတ်ထွက်လွှာများကို မေ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မိုးညှင်းမြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ **စာမျက်နှာ ၉ ကော်လံ ၂** ●

မြန်မာ့အလင်း

ဆောင်းပါး၊ အင်တာနက် သတင်းနှင့် ဓာတ်ပုံ အညွှန်း

❑ **ယခုတော့ မြန်မာနိုင်ငံတွင် အရှည်ဆုံးဖြစ်သည့် အရှည်ပေ၁၅၇၅ပေရှိ သံလွင်တံတား (မော်လမြိုင်)ပေါ်၌ ရထားရော ကားပါ ဖြတ်သန်းနေသည်ကို ကျွန်တော်သိရ၊ မြင်တွေ့ရပါပြီ၊ အိပ်မက် မဟုတ်တော့ပါ။**

ဦးသာစိန်၏ အိပ်မက်မဟုတ်တော့ပါ ဆောင်းပါး (စာ-၁၀)

မိဘ၊ သားသမီးမေတ္တာနှင့် ချစ်စဖွယ်ကလေးငယ်တို့၏ ဟန်ပန်များ၊ ထူးခြားဆန်းသစ်သော ရေးဆွဲဟန်များနှင့် "စိတ် - ၂" ပန်းချီပြပွဲ။

ခံစားတင်ပြသူ-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း) (စာ - ၈)

အကိုက်အခဲပျောက်ဆေး အလွန်အကျွံသောက်လျှင် နှလုံးနှင့် လေဖြတ်ရောဂါ ဖြစ်နိုင်။

အင်တာနက်သတင်း နှင့်ဓာတ်ပုံ (စာ-၆)